# ကြေးမုံ

The Mirror Daily

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday 10 December 2019 ၉၈၅၉


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ ရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနအကြီးအကဲ Ms. Pascalle Grotenhuis နှင့် နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်တို့က အမ်စတာဒန်မြို့ Schiphol အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**သည်ဟိတ်ဂ် ဒီဇင်ဘာ ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုလျှောက်ထားမှုကိုတုံ့ပြန်ရာတွင် ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures)အတွက် နှုတ်ဖြင့်လျှောက်လဲခြင်း (Oral Proceedings) ပြုလုပ်ရန် ဒီဇင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နေပြည်တော်မှထွက်ခွာပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ဒီဇင်ဘာ ၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂

ကြေးမုံ ယနေ့ဖတ်စရာ

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ » ၇

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၁၀


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## တောင်သူလယ်သမားအကျိုးစီးပွား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအားထားသည့်နိုင်ငံဖြစ်၍ အဓိကအားထားသော ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို ရှေးအစဉ်အဆက်မှ ယနေ့ထိတိုင်အောင် အဓိကအားထားလုပ်ကိုင်ခဲ့ကြသည်။ စိုက်ပျိုးရေးရာသီစပါးပေါ်ချိန်တွင် ရွှေတွဲလဲ၊ ငွေတွဲလဲ အလှူမင်္ဂလာပွဲများဖြင့် တောင်သူလယ်သမားမိသားစုများအားလုံး ပျော်တပြုံးပြုံးနှင့်ရှိခဲ့သော အချိန်အခါများရှိသလို တွက်ခြေမကိုက်သည့် အချိန်အခါများလည်း ရှိခဲ့သည်။

မျက်မှောက်အချိန်အခါကာလတွင် စပါးစိုက်တောင်သူများသာမက အခြားကောက်ပဲသီးနှံစိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူများအဖို့ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ်အမျိုးမျိုးနှင့်ကြုံတွေ့ရမှု၊ သီးနှံအရင်းအနှီးကုန်ကျစရိတ်များမြင့်တက်မှု၊ နည်းပညာတိုးတက်ပြောင်းလဲမှုကို မကျော်လွှားနိုင်မှု၊ ဈေးကွက်စိန်ခေါ်မှုကို မဖြေရှင်းနိုင်မှု စသည့်အကြောင်းအမျိုးမျိုးတို့ကြောင့် တွက်ခြေမကိုက်သည့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

စပါးဈေးမကိုက်သည်မှာ ယခုအချိန်မှ ဖြစ်နေသည်မဟုတ်။ ရှေးအစဉ်အဆက်ကလည်း ဈေးကွက်ကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း အကြောင်းတစ်ခုမဟုတ်တစ်ခုဖြင့် ဖြစ်သည့်အလေ့အထရှိသည်။ မြန်မာပြည်သည် စပါးစိုက်ပျိုးရေးတွင် အထူးအားထားနေရသော တိုင်းပြည်ဖြစ်ရာ ယခုနှစ်ကဲ့သို့ စပါးဈေးမကောင်းသော၊ တွက်ခြေမကိုက်သော အခြေအနေများနှင့် ဆက်တိုက်မကြုံကြိုက်ပါမှ တောင်သူလယ်သမားများဘဝ အသက်ဆက်ရေးအတွက် သက်သာဖွယ်ရာအကြောင်းရှိပေသည်။


မြန်မာပြည်သည် အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် စိုက်ပျိုးရေး၌သာ အစဉ်အဆက်လုံးပန်းခဲ့ကြသည်။ တွက်ခြေကိုက်မည့် အခြားသီးနှံပဲမျိုးစုံတို့မှာလည်း အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများကိုသာ အားထားနေရသည်ဖြစ်၍ ထင်သလောက်ခရီးမပေါက်ဖြစ်နေသည်။ ပန်း၊ နှမ်း၊ ဂျုံ၊ ပြောင်း အခြားသီးနှံစိုက်ပျိုးရေးဘက်တွင်မူ အခြားနိုင်ငံများ၏နောက်တွင်ရှိနေသည်ဟု သိရသည်။ ၎င်းအပြင် မြေတစ်ကွက်တည်းမှာပင် နှစ်သီး၊ သုံးသီးစိုက်ပျိုးရေးဘက်၌လည်း ရာသီဥတုနှင့် သီးနှံအထောက်အကူပြုမှုတို့ဘက်တွင် တစ်နှစ်ထက်တစ်နှစ် မျှော်လင့်စရာ၊ အလားအလာကောင်းဖြစ်စရာနည်းနေသဖြင့် စိုက်ပျိုးရေးကိုအားထားသည်ဆိုသော်လည်း တောင်သူလယ်သမားများဘက်တွင် အခက်အခဲများရှိနေသည်။

လက်တွေ့တွင်ရင်ဆိုင်နေရသော စပါးဈေးကွက်အခက်အခဲများ လျော့နည်းသက်သာရေးအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကို နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့သည်။ ဦးဆောင်အဖွဲ့သည် ဥပဒေပုဒ်မ(၂၃)အရ အစိုးရခွင့်ပြုချက်ဖြင့် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ်ငါးသိန်းအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရည်ရွယ်ချက်မှာ ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းဈေးနှုန်းအောက် ကျဆင်းနေပါက အခြေခံရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူပေးခြင်းဖြင့် တောင်သူလယ်သမားအကျိုးစီးပွားကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထို့အပြင် စပါးဝယ်ယူရန်လိုအပ်လာပါကလည်း နိုင်ငံတော်က လည့်ပတ်ရန်ပုံငွေ ငွေကျပ် ၁၅ ဘီလီယံ သုံးစွဲခွင့်ပြုပေးထားကြောင်း သိရသည်။ ထို့အပြင် ဒေသအတွင်း စပါးဝယ်ယူရန်လိုအပ်လာပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား တိုက်တွန်းထားသည်။ ပြည်ပပို့ကုန်လျော့နည်းသွားသဖြင့် ပြည်တွင်း၌ စပါးလက်ကျန်များပြားမှုကြောင့် ဈေးနှုန်းကျဆင်းခြင်းကိုထိန်းကျောင်းနိုင်ရန် လုံးသွယ်အမျိုးအစားစပါးကို စပါးအတိုင်း ပြည်ပသို့တင်ပို့ရောင်းချခွင့်ကိုလည်း ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တင်ပို့ခွင့်လိုင်စင် ခွင့်ပြုပေးမည်ဖြစ်ပြီး တန်ချိန် နှစ်သိန်းမှစတင်ခွင့်ပြုမည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အပြီး တင်ပို့ရန်နှင့် လိုအပ်ပါက တန်ချိန် ငါးသိန်းအထိ ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့တောင်သူလယ်သမားများသည် မြေတစ်ကွက်တည်းမှာပင် နှစ်သီး၊ သုံးသီးအကျိုးခံစားနိုင်အောင် ကောက်ပဲသီးနှံစိုက်ပျိုးနိုင်သည့် လုံ့လဝီရိယရှိသော မြန်မာများဖြစ်ရာ တွက်ခြေမကိုက်သော အခြေအနေအရပ်ရပ်၊ အကြောင်းရင်းအမျိုးမျိုးတို့ကို ဤသို့ဖွေရှာဖြေရှင်းပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၆၆/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၇၉၉ | ၂၀,၆၈၈,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၈၅၀ | ၇,၂၉၀ | ၂၈,၁၂၁,၆၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁၈ | ၁၄၉,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၂ | ၄၆,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) ၁၁၈၀၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၈၀ ကျပ် | ၉၅၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၇၀ ကျပ် | ၁၀၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၈၀ ကျပ် | ၉၂၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၆၀ ကျပ် | ၉၇၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၃.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၆၁၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၄၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၄၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၆.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၁၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၅.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့တက်ရောက်လာကြသူများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး (တာဝန်ခံ)၊ UNDP နှင့် UNODC ရုံးတို့မှ ကိုယ်စားလှယ်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ **နိုင်ငံတော်သမ္မတမှ**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သံတမန်များ၊ United Nations Office on Drugs and Crime–UNODC၊ United Nations Development Programme–UNDP နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာတွင် လုပ်ငန်းဧရိယာ ၅ ရပ်ပါရှိပါကြောင်း၊ ယင်းတို့မှာ (၁) တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးတရားစွဲဆိုခြင်းတို့အတွက် ထိရောက်ခိုင်မာသောအခြေခံကောင်းများ တည်ဆောက်ခြင်း၊ (၂) ဖြောင့်မတ်တည်ကြည်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ (၃) တားဆီးကာကွယ်တိုက်ဖျက်ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ (၄) နိုင်ငံတော်ပိုင်ဘဏ္ဍာရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ခြင်း၊ (၅) အဂတိလိုက်စားမှုကင်းရှင်းသောစီးပွားရေးနယ်ပယ်ဖြစ်ပေါ်စေခြင်းတို့ဖြစ်ပါကြောင်း။

အဆိုပါ အခြေခံကောင်းများ တည်ဆောက်ခြင်းအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေအား ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ပြင်ဆင်သည့်ဥပဒေနှင့်အညီဖြစ်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများ (မူကြမ်း)နှင့် အများပြည်သူအကျိုးထုတ်ဖော်သတင်းပေးသူအား အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)တို့ကို ကော်မရှင်ကရေးဆွဲ၍ သက်ဆိုင်ရာသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၃၆ ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် CPU Toolkit နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ရန် လက်အောက်ခံရုံး/ဌာနခွဲ ၃၁၉ ခုအထိ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ CPU များ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ် ခြောက်ချက်ကိုလည်း အလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးအတည်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ CPU လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၌ အဂတိလိုက်စားမှုများကို သိသိသာသာလျော့ကျသွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ထိခိုက်မှုနစ်နာမှု အနည်းဆုံးဖြင့် အဂတိလိုက်စားမှု ဘေးအန္တရာယ်များမှ ကင်းဝေးသွားစေရန် ပြုပြင်ပြောင်းလဲပေးနိုင်မည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်မှုရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ပိုမိုတက်ကြွ လန်းဆန်းလာစေမည် ဖြစ်ပါကြောင်း။

**လိုက်နာကျင့်သုံး**

CPU များ ခိုင်မာအားကောင်းစွာ အလုပ်လုပ်နေခြင်းဖြင့် ဌာနဆိုင်ရာဘက်က ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များဘက်ကလည်း အဂတိလိုက်စားမှုကိုဆန့်ကျင်သောကျင့်ဝတ်များကို ကိုယ်တိုင်ရေးဆွဲ၍ ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှုရှိစွာဖြင့် လိုက်နာကျင့်သုံးသွားကြရန်လိုအပ်ပါကြောင်း၊ "အဂတိလိုက်စားမှုဆန့်ကျင်ရေးအတွက် ကျွန်ုပ်တို့အားလုံး စုပေါင်းညီညွတ်ကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဝန်ထမ်းများ၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**



အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကို တွေ့ရစဉ်။

❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

နယ်သာလန်နိုင်ငံ အမ်စတာဒန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Ms. Pascalle Grotenhuis၊ နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်နှင့် တာဝန်ရှိသူများက အမ်စတာဒန်မြို့ Schiphol အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် အမ်စတာဒန်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး သည်ဟိတ်ဂ်မြို့ရှိ ခေတ္တတည်းခိုရာသို့ ရောက်ရှိကြရာ နယ်သာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၃ မှ

နိုင်ငံ့ဝန်ထမ်းများသာမက စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ဟန်ချက်ညီစွာ စုပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံပါကြောင်းပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ အမှုဆောင်ဒါရိုက်တာ Mr. Yury Fedotov ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး (တာဝန်ခံ) မစ္စရှောင်းကျယ်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး(တာဝန်ခံ)၊ UNDP နှင့် UNODC ရုံးတို့မှ ကိုယ်စားလှယ်များ၊ ဆုရကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ရုံးတို့မှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြကာ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကိုပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ UNDP နှင့် UNODC ရုံးတို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တေးသရုပ်ဖော်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅၀/ ၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဗရတ်ဆင်း ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သံအမတ်ကြီး ဦးလွင်ဦး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် မနီလာမြို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုအာ ဒူတာဒေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# သတင်းအချက်အလက်ကိုအခြေခံ၍ မူဝါဒချမှတ်ဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Bloomberg Data to Health Initiative တို့ ပူးပေါင်းကျင်းပသည့် “သတင်းအချက်အလက်ကိုအခြေခံ၍ မူဝါဒများချမှတ်ဆောင်ရွက်ခြင်း Data to Policy (2019–2020)” သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် Hotel Max နေပြည်တော်၌ ကျင်းပသည်။

**အကျိုးရှိစွာအသုံးချ**

ဖွင့်ပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားရာတွင် ကျိုးကြောင်းခိုင်လုံသည့် ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များကို အကျိုးရှိစွာအသုံးချနိုင်မှု စွမ်းရည်သည် အရေးကြီးပါကြောင်း၊ လက်တွေ့မြေပြင်အခြေအနေနှင့်ကိုက်ညီသင့်တော်သည့် စီမံချက်လုပ်ငန်းများ ချမှတ်နိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များသာမက ဝိသေသလက္ခဏာနှင့် အရည်အသွေးဆိုင်ရာ




အချက်အလက်များသည်လည်း အရေးကြီးပါကြောင်း။

ထိုသို့ သတင်းအချက်အလက်များ ခိုင်မာတိကျစွာရရှိနိုင်ရန်အတွက် ကျန်းမာရေးသတင်းအချက်အလက်စနစ်ကောင်းတစ်ခုလိုအပ်ပါကြောင်း၊ သတင်းအချက်အလက်စနစ်ကောင်းတစ်ခုဖြစ်ရန်အတွက် သတင်းပေးပို့ရမည့်ဌာနများအားလုံးမှ သတင်းပေးပို့မှု၊ သတင်းပေးပို့မှုချောမွေ့မြန်ဆန်မှု၊ အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့မှု၊ သတင်းအချက်အလက်များမှန်ကန်မှု၊ တိကျပြည့်စုံမှု၊ ရှင်းလင်းမှု စသည့် အချက်များနှင့် ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ဒစ်ဂျစ်တယ်နည်းပညာများ လျင်မြန်စွာ တိုးတက်ထွန်းကားနေသည့် ယခုအခါတွင် ဝန်ကြီးဌာနအနေဖြင့် အဆိုပါနည်းပညာများကို အကျိုးရှိထိရောက်စွာအသုံးချ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

သတင်းအချက်အလက်များစုဆောင်းရာတွင် ပုံမှန်သတင်းအချက်အလက်စုဆောင်းမှု၊ ကျန်းမာရေးပြဿနာတစ်စုံတစ်ရာဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုမှု၊ သုတေသနတွေ့ရှိချက်များနှင့် လုပ်ငန်းဆန်းစစ်မှုများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ စသည့် သတင်းအရင်းအမြစ်အမျိုးမျိုးမှ သတင်းအချက်အလက်များကို စုဆောင်းသွားရမည်ဖြစ်ပါကြောင်း၊ ရရှိလာသည့် သတင်းအချက်အလက်များကို စနစ်တကျ ဆန်းစစ်သုံးသပ်မှုများ ပုံမှန်ပြုလုပ်ခြင်းကို သာမက သုံးသပ်တွေ့ရှိချက်များကို သတင်းအချက်အလက်များ စုဆောင်းပေးပို့သူများထံသို့ တုံ့ပြန်ပေးပို့ခြင်း အလေ့အထကိုပြုလုပ်ဆောင်ရွက်ကြစေလိုပါကြောင်း။

**မှန်ကန်သောမူဝါဒများ ဖော်ဆောင်**

ယခုသင်တန်းတွင် တက်ရောက်သည့် ကုသရေး၊ ပြည်သူ့ကျန်းမာရေး၊ ဆေးရုံအုပ်ချုပ်စီမံခန့်ခွဲရေး၊ သင်ကြားရေးပညာနှင့် သုတေသနပညာရှင်များအနေဖြင့် အပြန်အလှန်မေးမြန်းဆွေးနွေးမှုများ ပြုလုပ်သွားကြကာ သင်ကြားသင်ယူမှုများကို အကျိုးရှိထိရောက်စေရန် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သတင်းအချက်အလက်များကို ထိရောက်အကျိုးရှိစွာအသုံးချ၍ မှန်ကန်သောမူဝါဒများဖော်ဆောင်ကာ ဝန်ကြီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Vital Strategies အဖွဲ့မှ Deputy Director, Ms. Mine Metitiri က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး US CDC မှ Team Leader and Senior Health Economist, Dr. Michael Washington က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် US CDC နှင့် Vital Strategies အဖွဲ့တို့မှ ပညာရှင်များက သင်ကြားဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးစင်တာ(US CDC)၊ Global Immunization Division မှ ညွှန်ကြားရေးမှူး Dr. Walter Schluter နှင့် အဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄)တွင် လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် ရောဂါများကာကွယ်ထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအား နည်းပညာပိုင်းပံ့ပိုးမှုများ၊ ရေတိုကာလနှင့် ရေရှည်ကာလအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စ၊ အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးစင်တာအနေဖြင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် ရောဂါများဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆန်းစစ်လေ့လာမှု သုတေသနလုပ်ငန်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၏ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ပိုလီယိုအကြောသေရောဂါအပါအဝင် ရောဂါများ၏ ကူးစက်ပုံနှင့် အန္တရာယ်များ၊ ကာကွယ်ဆေးများ၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဗဟုသုတများ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စတို့အား ဆွေးနွေးကြသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဆိုပြီး လုပ်ငန်းစဉ်သုံးရပ်နဲ့ ဆောင်ရွက်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ဒီနေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းရဲ့ (၁၆) နှစ်ပြည့် အခါသမယကို ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ United Nations Office on Drugs and Crime–UNODC၊ United Nations Development Programme–UNDP နဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံကလည်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီနှစ်မှာ ယခင်နှစ်များကထက် ပိုမိုကျယ်ပြန့်စွာ မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့မှာ ကျင်းပနိုင်ခြင်းဖြစ်တဲ့အတွက် ပိုမို၍ကျေနပ်အားရမိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့နိုင်ငံကို ရေရှည်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းတို့ကို အားလုံးပူးပေါင်းပါဝင်တဲ့ ပြည်သူလူထုအခြေပြုနည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးခရီးလမ်းအား လျှောက်လှမ်းလျက်ရှိပါတယ်။ ဒီခရီးလမ်းမှာ နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်နေတဲ့ အဂတိလိုက်စားမှုပြဿနာဟာ အဓိကကျတဲ့ ခလုတ်တံသင်းဖြစ်နေတယ်လို့ မိမိတို့အစိုးရက နားလည်သဘောပေါက်ထားတဲ့အားလျော်စွာ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်ပေါ်လာရေး ရည်မှန်းပြီး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါတယ်။

အဂတိလိုက်စားမှုဟာ မျက်မှောက်ခေတ်ကာလမှာ နိုင်ငံများကို အများဆုံး ပျက်စီးယိုယွင်းစေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အရင်းအမြစ်များကို လေလွင့်ဆုံးရှုံးစေခြင်း၊ စီးပွားရေးနှင့် လူမှုရေးမမျှတမှုများကို ကျယ်ပြန့်စေခြင်း၊ လူထုအတွင်း မကျေနပ်မှုများနဲ့ နိုင်ငံရေးအစွန်းရောက်မှုများ ပေါက်ဖွားစေခြင်း၊ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုဟာ ပြည်သူလူထုအတွင်း မညီမျှမှုနဲ့ ဆင်းရဲနွမ်းပါးမှုကို သက်ဆိုးရှည်စေပါတယ်။ လူထုရဲ့ ကိုယ်စိတ်ချမ်းသာမှုနဲ့ ဝင်ငွေခွဲဝေမှုအပေါ် ထိခိုက်စေပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် ညီတူညီမျှ ပါဝင်နိုင်မှုအခွင့်အရေးကိုလည်း လျော့နည်းကျဆင်းစေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၁၂ ခုနှစ်မှာ အတည်ပြုခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်နိုင်ရန် ၂၀၁၇ ခုနှစ်တွင် ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရေး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှာ ဂုဏ်သိက္ခာနဲ့ တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများနဲ့ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးတို့အတွက် ၂၀၁၈ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေမှာ အဂတိလိုက်စားမှုရဲ့ အဓိပ္ပာယ်ဟာ နက်နဲကျယ်ပြန့်ပြီး လာဘ်ပေးလာဘ်ယူခြင်းထက် များစွာကျော်လွန်မှုရှိတာကို နားလည်ကြရန် လိုအပ်ပါတယ်။ ယခုအခါ ဥပဒေမူဘောင် ပိုမိုခိုင်မာတောင့်တင်းလာတဲ့အားလျော်စွာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ လွတ်လပ်စွာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခွင့်ရရှိပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တံစိုးလက်ဆောင်ယူခြင်း/ ပေးခြင်းတို့သာမက နိုင်ငံတော်ရဲ့ငွေကြေး၊ ပစ္စည်းနဲ့ ပိုင်ဆိုင်မှု ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းတို့ကို လျော့ကျစေဖို့ အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး အစဉ်အလာနည်းလမ်းများဖြစ်တဲ့ တင်းကျပ်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို တီထွင်ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ပိုမိုတိကျစွာလိုက်နာစေရန် အသုံးပြုခြင်းနည်းလမ်းတို့ဟာ ထိရောက်မှုရှိပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဆိုပြီး လုပ်ငန်းစဉ်သုံးရပ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးရေးလုပ်ငန်းစဉ်အနေနဲ့

**အဂတိလိုက်စားမှုကို စိတ်ပါလက်ပါ ဆန့်ကျင်တိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှု ကင်းစင်တဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်စေနိုင်ခြင်းထက် သာလွန်ပြီး တရားဥပဒေစိုးမိုးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုပါ ဖော်ဆောင်စေနိုင်ပါတယ်။ ဒါ့အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေးကိုပါ ဖြစ်ထွန်းစေမှာဖြစ်တဲ့အတွက် လူသားတိုင်း မိမိတို့ ရရှိခံစားနိုင်တဲ့ အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာတဲ့ လူနေမှုဘဝများကို ပိုင်ဆိုင်စေနိုင်မှာဖြစ်.......**

အခြေခံပညာကျောင်းများအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးစာစောင်များဖြန့်ဝေခြင်း၊ တက္ကသိုလ်များအဆင့် ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်းဖွင့်လှစ်ခြင်း၊ အစိုးရဌာနများနဲ့ စီးပွားရေးလုပ်ငန်းများမှာ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဖြောင့်မတ်တည်ကြည်မှု မြင့်မားလာစေရေးတို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့ မဏ္ဍိုင်တစ်ရပ်ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးတွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေရန်အတွက် ဖြောင့်မတ်တည်ကြည်မှု လုပ်ဆောင်ချက်များကို အုပ်ချုပ်ရေးအပိုင်းတွင်သာမက ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယင်းတို့ရဲ့ အရေးကြီးသောအခန်းကဏ္ဍများဟာ နိုင်ငံတစ်ဝန်းလုံးမှာ ဖြောင့်မတ်တည်ကြည်မှုရှိရေးအတွက် သေချာမှုဖြစ်စေပါတယ်။ ဖြောင့်မတ်တည်ကြည်မှုရှိရေး လုပ်ဆောင်ချက်များကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများတွင်သာမက တစ်ဦးချင်းနှင့် ပုဂ္ဂလိကကဏ္ဍများပါ အပါအဝင်ဖြစ်စေရမှာ ဖြစ်ပါတယ်။ ဖြောင့်မတ်တည်ကြည်မှုသည် ပြည်ထောင်စုအစိုးရနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်သူလူထုက ပထမဦးဆုံး ဖြောင့်မတ်တည်ကြည်သော အပြုအမူများကို ထိတွေ့ခံစားရမည့် အဆင့်ဆင့်သော အောက်ခြေအဖွဲ့အစည်းများအထိ စိမ့်ဝင်ပျံ့နှံ့စေရမှာဖြစ်ပါတယ်။ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်အနေနဲ့ အစိုးရဌာနတွေမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းဆောင်ရွက်ခြင်းနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု ကင်းဝေးစေရန်ကျင့်ဝတ် (Code of Conduct–CoC) ရေးဆွဲလိုက်နာစေခြင်းနည်းလမ်းများနဲ့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ပုဂ္ဂလိကအကျိုးစီးပွားထက် အများပြည်သူအကျိုးစီးပွားကို ဦးစားပေးအလေးထားရန်အတွက် ကျင့်ဝတ်တန်ဖိုးများ၊ စံနှုန်းများကို အစဉ်စောင့်ရှောက်ထိန်းသိမ်းခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိစေရန် ဖြစ်ပါတယ်။ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေဂယ်ပေါက်များကို ပိတ်ဆို့နိုင်ရန်ဖြစ်လို့ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစေမည့် နည်းလမ်းကောင်းလည်း ဖြစ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းဟာ ယခုအခါ ကမ္ဘာ့အလျင်မြန်ဆုံးအတည်ပြုသော နိုင်ငံတကာကွန်ဗင်းရှင်းများထဲကတစ်ခုအပါအဝင်ဖြစ်ပြီး အဖွဲ့ဝင်ပေါင်း ၁၈၆ ခုတို့က အားလုံးနီးပါး အတည်ပြုလာတဲ့ Universal Ratification ဖြစ်လာနိုင်ခြင်းက အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းထောက်ခံကြခြင်းလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကြိုးပမ်းမှုများအပြင် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံဖြတ်ကျော်သည့် အဂတိလိုက်စားမှု၊ ယင်းနဲ့ဆက်နွယ်တဲ့ အမှုအခင်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုကို စိတ်ပါလက်ပါ ဆန့်ကျင်တိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှု ကင်းစင်တဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်စေနိုင်ခြင်းထက် သာလွန်ပြီး တရားဥပဒေစိုးမိုးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုပါ ဖော်ဆောင်စေနိုင်ပါတယ်။ ဒါ့အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေးကိုပါ ဖြစ်ထွန်းစေမှာဖြစ်တဲ့အတွက် လူသားတိုင်း မိမိတို့ ရရှိခံစားနိုင်တဲ့ အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာတဲ့ လူနေမှုဘဝများကို ပိုင်ဆိုင်စေနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ပါ ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင် ၁၆ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့ အရေးပါမှုကို ထင်ရှားစွာ သတ်မှတ်ဖော်ပြထားပါတယ်။ ယင်းမှာ နိုင်ငံများအနေနှင့် ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းသာယာပြီး အားလုံးပါဝင်တဲ့ လူမှုအဖွဲ့အစည်းများ မြှင့်တင်ရေး၊ တရားမျှတမှုကို လက်လှမ်းမီနိုင်မှု ဖော်ဆောင်ရေးနှင့် အဆင့်တိုင်းမှာ အကျိုးသက်ရောက်မှုရှိတဲ့၊ တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့၊ အားလုံးပါဝင်တဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေးတို့ကို တရားမဝင် ငွေကြေးစီးဆင်းမှုလျှော့ချရေး၊ ဆုံးရှုံးသွားတဲ့ နိုင်ငံပိုင်ပစ္စည်းများ ပြန်လည်သိမ်းဆည်းမှုလုပ်ငန်းခိုင်မာရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုလျှော့ချရေး၊ အကျိုးသက်ရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့၊ အားလုံးပါဝင်တဲ့ အင်စတီကျူးရှင်းများ တည်ဆောက်ရေး စသည်တို့ကတစ်ဆင့် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP ၂၀၁၈–၂၀၃၀) ကို ကမ္ဘာလုံးဆိုင်ရာ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များနဲ့ အဓိကချိတ်ဆက်ပြီး နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားနိုင်ဖို့ ချိန်ညှိထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် MSDP မဏ္ဍိုင် (၁) ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရဲ့ မဟာဗျူဟာမှာပါဝင်တဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှု၊ အဖွဲ့အစည်းများရဲ့ စွမ်းဆောင်မှုနဲ့ အဆင့်တိုင်းမှာ ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

ဒီမင်္ဂလာရှိတဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနဲ့ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းရဲ့ (၁၆) နှစ်ပြည့် အခါသမယမှာ ကွန်ဗင်းရှင်းပါရည်ရွယ်ချက်များနဲ့ အခြေခံမူများဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါတယ်။ **"အဂတိလိုက်စားမှု ဆန့်ကျင်ရေးအတွက် ကျွန်ုပ်တို့အားလုံး စုပေါင်းညီညွတ်ကြပါစို့"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်မှ ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် အဂတိလိုက်စားမှုကို ဆက်လက်ပူးပေါင်းတိုက်ဖျက်ကြဖို့ အလေးအနက်ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲများနိုင်ငံတစ်ဝန်းပြုလုပ်



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) တွင် တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝန်းရံထောက်ခံလူထု လှုပ်ရှားမှုကို ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ ကျင်းပစဉ်။ တင်စိုး(ပဲခူး)

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) တွင် တရားစွဲဆိုလျှောက်ထားမှုကို ဦးဆောင်သွားရောက်ဖြေရှင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ လူထုထောက်ခံပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ဗိုလ်ချုပ်ကြေးရုပ်တုပန်းခြံ၌ ကျင်းပသည်။

**စီတန်းလှည့်လည်**

အဆိုပါ ထောက်ခံပွဲတွင် ပြည်ထောင်စု၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့အား ထောက်ခံကြောင်း၊ "We Stand With Our Leader"၊ "နိုင်ငံတော်၏ အကျိုးစီးပွားကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်" စသည့် ကြွေးကြော်သံများဖြင့် အင်အား ၁၀၀၀ ကျော်တို့က ဗိုလ်ချုပ်ကြေးရုပ်တုပန်းခြံမှ စတင်ထွက်ခွာပြီး ခွင့်ပြုထားသောမြို့တွင်းလမ်းကြောင်းအတိုင်း စီတန်းလှည့်လည်၍ သတ်မှတ်ထားသော ဆုံမှတ်နေရာသို့ ပြန်လည်ဝင်ရောက်ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝန်းရံထောက်ခံကြောင်း လူထုလှုပ်ရှားမှုကို ယနေ့ နံနက် ၉ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ ပြုလုပ်သည်။

ဝန်းရံထောက်ခံပွဲပြုလုပ်ရာတွင် ပဲခူးမြို့ ဟံသာဝတီရပ်ကွက် မြို့တော်ခန်းမရှေ့မှ စတင်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဦးဆောင်သော အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ် ရှစ်မြို့နယ်ရှိ ပြည်သူများ၊ CSO အဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံအဖွဲ့များ ပူးပေါင်းပါဝင်ပြီး လူဦးရေ ၁၅၀၀၀ ကျော်ဖြင့် မြို့တွင်းကြီးရပ်ကွက် ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်းအထိ လမ်းလျှောက်ချီတက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ထို့နောက် လူထုထောက်ခံပွဲကျင်းပပြုလုပ်ရာ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်ရှိ ယာဉ်ရပ်နားကွင်း၌ နိုင်ငံတော်သီချင်း သီဆို၍ နိုင်ငံတော်အလံကို အလေးပြုပြီး အခမ်းအနားကို ဖွင့်လှစ်ကာ သဘာပတိ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ထောက်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထု၏ သဘောထားကိုရယူပြီး သဘာပတိ၏ အတည်ပြုချက်ဖြင့် ICJ တွင် သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံကြောင်း ကြေညာကာ "အရေးကြီးပြီ" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ထောက်ခံပွဲများ ပြုလုပ်**

ထို့ပြင် ပုသိမ်၊ မိတ္ထီလာ၊ ကနီ၊ အုတ်ဖို၊ မြိတ်၊ ဇီးကုန်း၊ ဝက်လက်၊ မင်းလှ၊ ကြို့ပင်ကောက်၊ ဒီပဲယင်း၊ ညောင်တုန်း၊ ပြည်၊ ဟသ်ာတ၊ ဘုတလင်၊ မော်လမြိုင်၊ ပေါင်းတည်၊ ဟုမ္မလင်း၊ လက်ပံတန်း၊ စစ်ကိုင်း၊ သာယာဝတီ၊ အင်းစိန်၊ မိုးညို၊ ဗန်းမော် စသည့် နိုင်ငံတစ်ဝန်းရှိ မြို့များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)၊ ဇင်မာဝင်း(ပြန်/ဆက်)**



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝန်းရံထောက်ခံလူထု လှုပ်ရှားမှုကို မြစ်ကြီးနားမြို့တွင် ကျင်းပစဉ်။ ဇင်မာဝင်း(ပြန်/ဆက်)



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝန်းရံထောက်ခံလူထုလှုပ်ရှားမှုကို ကနီမြို့ ဗိုလ်ချုပ်ပန်းခြံတွင် ကျင်းပစဉ်။ ခင်ဝင်းကြည်(ပြန်/ဆက်)



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် တရားစွဲဆိုလျှောက်ထားမှုကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝန်းရံထောက်ခံလူထုလှုပ်ရှားမှုကို မြိတ်မြို့ မြိတ်ကုန်တိုက်အနီး သဲကွင်းတွင် ကျင်းပစဉ်။ ခိုင်ထူး(ပြန်/ဆက်)

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကျင်းပ



မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်



ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး



နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်



မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း



စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် **ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ်** လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ထွက်လာသည့်ဥပဒေကြမ်းကို ပြည်သူလူထုအား ချပြရှင်းလင်း၍ အတည်ပြုသင့်

**မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်**က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အချက်ပေါင်း ၃၇၆၅ ချက်ရှိသည်ကို တွေ့ရှိရသည့်အတွက် အသစ်ရေးဆွဲသည့် နည်းလမ်းသဘောမျိုး သက်ရောက်သည်ဟု ယူဆမိပါကြောင်း၊ အသစ်ပြန်လည်ရေးဆွဲမည်ဆိုပါက မူကြမ်းရှင်းလင်းပွဲ၊ ဆန္ဒခံယူပွဲပြုလုပ်ပြီးမှ အတည်ပြုသင့်သည်ဟု သုံးသပ်မိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် ပင်မဥပဒေဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ မသုံးသင့်ပါကြောင်း၊ ယခုပူးပေါင်းကော်မတီ၏စိစစ်ချက်အရ ထွက်လာသည့်ဥပဒေကြမ်းကိုပြည်သူလူထုအား ချပြရှင်းလင်း၍ အတည်ပြုသင့်ပါကြောင်း၊ ယင်းသို့မပြုလုပ်ဘဲ သာမန်ဥပဒေကို လွှတ်တော်တွင် မဲအနည်း၊ အများဖြင့် အတည်ပြုသကဲ့သို့ ဆောင်ရွက်ပါက နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အန္တရာယ်ဖြစ်နိုင်သည်ဟု သုံးသပ်မိပါကြောင်း ဆွေးနွေးသည်။

**ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး**က မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကို လိုက်နာပါမည်ဟု ကတိသစ္စာပြုထားသူများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကို လိုက်နာသည့် လွှတ်တော်အဖြစ် သမိုင်းတွင်ကျန်ရစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးကို ပြင်ဆင်ရန် ဆောင်ရွက်နေသည့် ကော်မတီ၏ ဆောင်ရွက်ချက်သည် ပုဒ်မ ၄၃၃ ပါပြဋ္ဌာန်းချက်နှင့် ညီ၊ မညီ ပြန်လည်စိစစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် အလေးထားတိုက်တွန်းလိုပါကြောင်း၊ ယခု အစီရင်ခံစာတွင် ဥပဒေမူကြမ်းတစ်ပိုဒ်ချင်းကို သုံးသပ်ချက်မပါဝင်ဘဲ လုပ်ဆောင်နေခြင်းအပေါ် ဝေဖန်မှုသက်သက်ဖြစ်နေသည့် ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ပယ်ဖျက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဦးစိုင်းသန်းနိုင် အဖွဲ့တင်ပြထားသည့် ဥပဒေမူကြမ်းအပါအဝင် ရှေ့က ဥပဒေမူကြမ်းအားလုံးကို ပုဒ်မ ၄၃၅ နှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဆောလျင်စွာ လက်ခံဆွေးနွေးဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်စံနှုန်းများပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရန်မှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယင်းသို့တာဝန်တစ်ရပ်ကို ထမ်းဆောင်ရာတွင် အတိတ်ကဖြစ်ရပ်များကို သင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သို့သော်သမိုင်းဖြစ်ရပ်ကို တစ်ဖက်သတ်အမြင်ဖြင့် ကောက်ချက်ချပြီး သင်ခန်းစာအဖြစ် မှတ်ယူနေခြင်းမျိုးမဖြစ်ရန် လိုအပ်ပါကြောင်း၊ ကျယ်ပြန့်သည့် အမြင်ဖြင့် ဘက်ပေါင်းစုံမှကြည့်ပြီး စွဲသည့်ကောက်ချက်၊ မှန်ကန်သည့် သဘောထားဖြင့်ရယူသည့် သင်ခန်းစာမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး အနေဖြင့် သမိုင်းသစ်ကို အကောင်းဆုံးရေးထိုးနိုင်ရန် အတိတ်သမိုင်းမှ မှန်ကန်သည့်သင်ခန်းစာများရယူပြီး ဒီမိုကရေစီဖက်ဒရယ်စံနှုန်းများ ပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာစေရေး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းရင်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း**က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆောလျင်စွာ ပြင်ဆင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယခင်က တင်သွင်းခဲ့သည့် ဥပဒေမူကြမ်း လေးခုကိုလည်း ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ သုံးသပ်တင်ပြချက်များဖြင့် တစ်ပြိုင်တည်းအတူယှဉ်တွဲ ဆွေးနွေးရန်ကိုလည်း လွှတ်တော်က ဆုံးဖြတ်အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးစိုင်းသန်းနိုင်အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးမူကြမ်းကို ပြင်ဆင်ရေးလုပ်ငန်းစဉ်များ ချောမွေ့စေရန်အတွက်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ ပြင်ဆင်သုံးသပ်ရေးလုပ်ငန်းစဉ်တွင် တစ်ပြိုင်တည်းယှဉ်တွဲ ဆွေးနွေးခြင်းမှာ ပိုမိုသင့်လျော်မှန်ကန်မည်ဖြစ်သည့်အတွက် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်**က ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည်ဆိုပါက ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ညီသည့် ဖွဲ့စည်းပုံတစ်ရပ် မရှိမဖြစ်လိုအပ်နေသည့်အတွက် ဖော်ဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်နိုင်ငံတော်၏မျိုးဆက်သစ်များအတွက် အေးချမ်းသာယာပြီး ဒီမိုကရေစီအခွင့်အရေးများပြည့်ဝသည့် နိုင်ငံတစ်ခုကို မိမိတို့အနေဖြင့် ပုံဖော်ထားခဲ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လွှတ်တော်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းလာချိန်တွင် ယခုတင်သွင်းထားသည့် ဥပဒေမူကြမ်း ငါးခုနှင့်အတူ သီးခြားစီတစ်ပြိုင်တည်းယှဉ်တွဲလျက် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီမှ အတူတကွလေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်မည့် ဥပဒေမူကြမ်းများအားလုံးကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးပြီး အဆုံးအဖြတ်ရယူပါက ပိုမိုလျော်ကန်သင့်မြတ်မည်ဆိုသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစောယှားဖောင်အွာ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခေါ်)ဆလိုင်းမျိုးထိုက်၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမင်းမင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမိုးဦးကျော်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်စန်းလင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက တစ်ပိုဒ်ချင်းစီ အလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၄၉ တို့နှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက ဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော်နာယကက ပညာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့၏ သဘောထား မေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်းပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယကက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏သဘောထားမေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ်အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**






# အရေးကြီးပြီ သွေးစည်းကြပါစို့

ဒေါ်လှမျိုးနွယ်

> **တရားရုံးက အဆုံးအဖြတ်ပေးရန် မူလတင်ပြသော တောင်းဆိုချက်ကို မူလတင်သွင်းသောအမှု (original case) ဟုခေါ်ဆိုပြီး ဤအမှုအပေါ် ဆုံးဖြတ်ချက်ချမှတ်ရန် နှစ်ကာလများစွာ ကြာမြင့်ဦးမည်ဖြစ်ပါသည်။ တရားရုံးများသည် ယင်းတို့ထံ တင်သွင်းလာသော မူလအမှုကို မစဉ်းစားမီ ဤမူလအမှုနှင့်ဆက်စပ်၍ ကြားဖြတ်အရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ချမှတ်ပေးရန် တောင်းဆိုမှုများကိုလည်း ကြုံတွေ့ရလေ့ရှိ**

**နိဒါန်း**

ယခုတလော ICJ သည် မြန်မာလူထုအကြား စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုအများဆုံးကိစ္စတစ်ရပ်ဖြစ်ကြောင်း အားလုံး သိပြီးဖြစ်ပါသည်။ ထို့အတူ စာပေရေးသားထုတ်ဝေသူများ၊ ဥပဒေသုတေသီများ၊ အခြားစိတ်ဝင်စားသူများသည်လည်း မိမိတို့ပညာ၊ လေ့လာဖတ်ရှုမှု၊ ကိုယ်ပိုင်အတွေးအခေါ်၊ အသိတရားများဖြင့် ပုဂ္ဂလိကသတင်းစာ၊ သတင်းဂျာနယ်၊ စာစောင်အမြောက်အမြားတွင် ရေးသားခြင်း၊ သတင်းဌာနများနှင့် အင်တာဗျူးမျိုးစုံပြုလုပ်ခြင်း၊ စကားဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ICJ နှင့်သက်ဆိုင်သော သိမှတ်ဖွယ်ရာ ဗဟုသုတမျိုးစုံကို ရေးသားနေခြင်းသည်လည်း အားရဖွယ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် အရေးကြီးသော နိုင်ငံ၏အရေးအရာကိစ္စဖြစ်သည့်အပြင် နိုင်ငံ၏အကျိုးစီးပွားနှင့်သက်ဆိုင်နေခြင်းကြောင့် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ စိုးရိမ်ပူပန်စိတ်ဖြင့် စေတနာထား၍ အပြုသဘောဆောင်သည့် ရေးသားမှုများ၊ ပြောဆိုမှုများပြုလုပ်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း ဤအရေးအပေါ် အမှီပြု၍ နိုင်ငံရေးရည်မှန်းချက်များ၊ နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေမည့် ဦးတည်ချက်များ၊ အစိုးရအပေါ်ထိုးနှက်မှုများကိုလည်း သတိပြုမိကြမည် ဖြစ်ပါသည်။ စာစောင်၊ သတင်းဂျာနယ်နှင့် Social media တို့တွင် အပြုသဘောဆောင်သော၊ အကောင်းမြင်သော လှုပ်ရှားမှုများအပြင် အမြင်မကြည်လင်သော ဝေဖန်ပြောဆိုမှုများဖြင့် ပြည့်နှက်နေသည့် အချိန်ကာလဟု ဆိုရပါမည်။

**ထောက်ခံအားပေး**

မည်သို့ပင်ဖြစ်စေ ICJ သို့ မြန်မာဘက်က သွားရောက်ရင်ဆိုင်မည့်ကိစ္စကိုမူ မြန်မာနိုင်ငံသားအများစုတို့ စိတ်ဝင်တစားဖြစ်နေမှုကိုမူ ကြိုဆိုရမည်ဖြစ်သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဦးဆောင်သွားရောက်မည့်အပေါ် နိုင်ငံသားအများစုတို့၏ ထောက်ခံအားပေးမှုများကိုလည်း တွေ့မြင်၊ ကြားသိ၊ ဖတ်ရှုနေရပါသည်။

စာရေးသူကိုယ်တိုင်လည်းဥပဒေသမားတစ်ယောက်ဖြစ်ပြီး အထူးသဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအငြင်းပွားမှုကို ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာခုံရုံး (International Tribunal for the Law of the Sea)တွင် ဖြေရှင်းခဲ့ကြစဉ်က မြန်မာနိုင်ငံ၏ လက်ထောက်ကိုယ်စားလှယ် (Co-Agent)အဖြစ် (ထိုစဉ်က နိုင်ငံ၏ကိုယ်စားလှယ် (Agent) ဖြစ်သော) ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သည့် အဖွဲ့တွင်ပါဝင်ခဲ့သော အတွေ့အကြုံအပေါ် အခြေခံ၍လည်းကောင်း၊ ICJ အကြောင်း မိမိဖတ်ရှုလေ့လာထားသမျှ၊ မိမိသိထားသမျှ ဗဟုသုတကို မျှဝေလိုသော စိတ်ဆန္ဒအရလည်းကောင်း ဤဆောင်းပါးကို ရေးသားဖြစ်ပါသည်။

စာရေးသူသည် ယခုဘာသာရပ်တွင် ကျွမ်းကျင်သူ၊ အထူးပြုလေ့လာထားသူ၊ သုတေသီတစ်ဦး မဟုတ်ဘဲ စိတ်ဝင်စား၍ မိမိဖတ်ရှုလေ့လာထားသမျှ အပိုင်းလောက်ကိုသာကွက်၍ အချိန်တိုအတွင်း ကြိုးပမ်းရေးသားခြင်းဖြစ်သောကြောင့် မပြည့်စုံမှု၊ လိုအပ်မှု၊ အားနည်းမှုများရှိနေမည်ဖြစ်ပါသည်။ သို့သော် စေတနာအရင်းခံဖြင့် မိမိဖတ်ဖူး၊ မှတ်ဖူး၊ တွေ့ကြုံဖူးသော အတွေ့အကြုံအပေါ် အရင်းတည်ရေးသားခြင်းသာဖြစ်ကြောင်းကို စာဖတ်သူများ နားလည်ပေးစေလိုပါကြောင်း ပဏာမရေးသားလိုပါသည်။

**ICJ ၏ statute ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပါ အချက်အချို့အား ကောက်နုတ်ဖော်ပြခြင်း**

အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice-ICJ) သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း (UN Charter) အရ ဖွဲ့စည်းထားသော ကုလသမဂ္ဂ၏ အဓိက တရားစီရင်ရေးအဖွဲ့အစည်း (Principle Judicial Organ of the United Nations) တစ်ရပ်ဖြစ်ပြီး ICJ ဟုပင် အတိုကောက်သုံးစွဲကြပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပြဋ္ဌာန်းချက်အရ အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်နိုင်ငံအဖြစ် အလိုအလျောက်ရောက်ရှိပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကတင်သွင်းသည့် အငြင်းပွားမှုများကို စီရင်ပိုင်ခွင့်အာဏာ ICJ တွင် ရှိပါသည်။

ICJ ၏ လုပ်ငန်းတာဝန်ကို ယင်း၏ဥပဒေ (Statute) နှင့်အညီ ဆောင်ရွက်ရပြီး ဥပဒေတွင် တရားရုံးဖွဲ့စည်းပုံ၊ တရားရုံး၏လုပ်ပိုင်ခွင့် (Competence of the Court) နှင့် လုပ်ထုံးလုပ်နည်းများ၊ အကြံပေးသည့် အခန်းကဏ္ဍနှင့် ပြင်ဆင်ခြင်းကဏ္ဍများကို သတ်မှတ်ထားပါသည်။

ICJ ၏ စီရင်ပိုင်ခွင့်ကို လေ့လာလျှင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်မှုများအတွက် စီရင်ပိုင်ခွင့်ရှိသကဲ့သို့ အငြင်းပွားနိုင်ငံများက လက်မှတ်ရေးထိုး၊ အပြီးသတ်အတည်ပြုထားသော အာဏာတည်ဆဲစာချုပ်များ (treaties)၊ သက်ဆိုင်ရာ နိုင်ငံများက လက်မှတ်ရေးထိုးအတည်ပြုထားသော ကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်ကို ချိုးဖောက်မှုနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ (Legal Disputes) ကိုလည်း ဆုံးဖြတ်ခွင့်ရှိပါသည်။

ထို့အပြင် (က) စာချုပ်တစ်ရပ်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းခြင်း၊ (ခ) အပြည်ပြည်ဆိုင်ရာဥပဒေအရ ပေါ်ပေါက်လာသော ပြဿနာ (any question of International Law)၊ (ဂ) နိုင်ငံတကာတာဝန်ရှိမှုကို ချိုးဖောက်ခြင်း (breach of an international obligation) အစရှိသော ကိစ္စရပ်များတွင် စီရင်ပိုင်ခွင့် အခွင့်အာဏာ ကျင့်သုံးနိုင်ကြောင်း ICJ ၏ ဥပဒေက အပ်နှင်းထားပါသည်။ အဓိကအားဖြင့် နိုင်ငံများအကြား အငြင်းပွားမှုများကို ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ယင်းသို့ အငြင်းပွားမှုဖြေရှင်းပေးရန် တောင်းဆိုမှုအပေါ် ICJ က စီရင်ပိုင်ခွင့် ရှိ၊ မရှိ ဆိုသော အချက်ကို အငြင်းပွားမှု(dispute) ဖြစ်လာလျှင်မူ ယင်းအငြင်းပွားမှုအပေါ် ICJ တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ဖြေရှင်းရမည်ဖြစ်ကြောင်း ICJ ဥပဒေ (Statute)က သတ်မှတ်ထားပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် ICJ ဥပဒေ (Statute) အဖွဲ့ဝင်များဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက တင်ပြသော အမှုအားလုံး (all case) အပေါ် ICJ က စီရင်ပိုင်ခွင့်ရှိပါသည်။ ICJ ၏ စီရင်ပိုင်ခွင့်ကို အလိုအလျောက် အသိအမှတ်ပြုကြောင်း မည်သည့်အချိန်တွင်ဖြစ်စေ ကြေညာချက် (declare) ထုတ်ပြန်နိုင်ပါသည်။ စည်းကမ်းကန့်သတ်ချက်မထားဘဲ (unconditionally) ကြေညာနိုင်သကဲ့သို့ နှစ်ဖက်အပြန်အလှန်သဘောတူသော စည်းကမ်းသတ်မှတ်ချက် (condition of reciprocity) ဖြင့်လည်း လက်ခံနိုင်ပါသည်။ ထို့အတူ နှစ်နိုင်ငံသဘောတူညီချက်နှင့် သတ်မှတ်သည့် အချိန်ကာလအပိုင်းအခြားတစ်ခုအတွက် ICJ ၏ စီရင်ပိုင်ခွင့်ကို အသိအမှတ်ပြုနိုင်ပြီး ဤကြေညာချက်များကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ အပ်နှံရန် (deposit) သတ်မှတ်ထားပါသည်။

ICJ ၏ လုပ်ငန်းတာဝန်အရ အပြည်ပြည်ဆိုင်ရာဥပဒေအပေါ် အခြေပြုဆုံးဖြတ်ရမည်ဖြစ်ခြင်းကြောင့် ICJ က အခြေခံရမည့်အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

- အထွေထွေ သို့မဟုတ် သီးခြားဘာသာရပ်ဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ အငြင်းပွားနိုင်ငံများက အတိအလင်း လက်ခံအသိအမှတ်ပြုသော စည်းမျဉ်းများ၊
- နိုင်ငံများက ယေဘုယျအားဖြင့် ဥပဒေသဖွယ် အသိအမှတ်ပြုကျင့်သုံးသော နိုင်ငံတကာ ဓလေ့ထုံးစံများ (international custom)၊
- ယဉ်ကျေးသောနိုင်ငံများက အသိအမှတ်ပြုထားသော ဥပဒေ၏ အထွေထွေ "မူ" သဘောတရားများ(general principles)၊
- တရားဥပဒေစိုးမိုးရေးအငြင်းပွားမှုများကို ဆုံးဖြတ်ရာတွင် အထောက်အပံ့ဖြစ်စေမည့် နည်းလမ်းများအဖြစ် စံနမူနာပြုထိုက်သော၊ ထုံးပြုထားသော တရားရုံးများ၏ ဆုံးဖြတ်ချက်များ (judicial decisions)၊ မတူကွဲပြားသောနိုင်ငံများရှိ အရည်အချင်းအမြင့်မားဆုံး ဥပဒေပညာရှင်များ၏ လေ့လာတွေ့ရှိချက် သဘောတရားများ၊ (ဤသို့

ကျင့်သုံးရာတွင် ICJ ၏ ဆုံးဖြတ်ချက်သည် သက်ဆိုင်ရာ အမှုသည်နိုင်ငံများနှင့် ယင်းဆုံးဖြတ်ချက် ချမှတ်ခဲ့သော သီးခြားအမှုတစ်ခုတည်းအတွက်သာလျှင် စည်းနှောင်မှုစွမ်းအားရှိပါသည်။)

ICJ ၏ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအနက် သိသင့်သိထိုက်သော အချက်အချို့ကို အကျဉ်းချုပ်အားဖြင့် ကောက်နုတ်တင်ပြရလျှင် (က) အငြင်းပွားနိုင်ငံအကြား အထူးသဘောတူစာချုပ် ချုပ်ဆိုခြင်းဖြင့် ICJ ထံ တင်ပြနိုင်သကဲ့သို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ICJ ၏ မှတ်ပုံတင်အရာရှိထံ လိပ်မူပြီး စာဖြင့် လျှောက်ထား (written application) နိုင်ပါသည်။ (ခ) ဤအကြောင်းကြားချက်လက်ခံရရှိလျှင် မှတ်ပုံတင်အရာရှိက သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်အကြောင်းကြားရမည်ဖြစ်ပါသည်။ ထိုအခါ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကတစ်ဆင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးကို အကြောင်းကြားရန် လိုအပ်ပါသည်။ ထို့အတူ တရားရုံးရှေ့မှောက်သို့ လာရောက်ပိုင်ခွင့် (entitled) ရှိသည်ဟု ယူဆသော နိုင်ငံကိုလည်း အကြောင်းကြားနိုင်ပါသည်။ (ဂ) အငြင်းပွားနိုင်ငံများအတွက် နိုင်ငံကိုယ်စားပြုဆောင်ရွက်မည့် ကိုယ်စားလှယ်များ (Agents) အား နှစ်ဖက်စလုံးက ခန့်ထားရန်လိုပါသည်။ နိုင်ငံ၏ကိုယ်စားလှယ်အား ယင်းတို့ငှားရမ်းသော ရှေ့နေများက အထောက်အပံ့ပေးရန် ဖြစ်ပါသည်။ ထို့အတူ နိုင်ငံကို ကိုယ်စားပြုဆောင်ရွက်သော ကိုယ်စားလှယ် (Agents)၊ ရှေ့နေများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ထမ်းဆောင်နိုင်ရန်အတွက် အမှုရင်ဆိုင်ချိန်ကာလနှင့် အပြီးသတ်ဆုံးဖြတ်ချိန်ကာလတစ်လျှောက်လုံး အခွင့်အရေးနှင့် ကင်းလွတ်ခွင့် (privileges and immunities) များကို ခံစားခွင့်ပေးထားပါသည်။

တရားရုံး၏ လုပ်ထုံးလုပ်နည်းတွင် စာဖြင့် တင်ပြသော အပိုင်းနှင့် နှုတ်ဖြင့် တင်သွင်းသော အပိုင်းဟူ၍ နှစ်ပိုင်း သတ်မှတ်ထားပါသည်။ စာဖြင့် တင်သွင်းသော အပိုင်း (written proceedings)တွင် တရားစွဲဆိုသောနိုင်ငံက အဆိုပြုလွှာကို ဦးစွာတင်ရပြီး တရားစွဲခံရသော နိုင်ငံက တုံ့ပြန်အဆိုပြုလွှာတင်ရမည်ဖြစ်ပါသည်။ ဤသို့ တင်ပြရာတွင် အထောက်အကူပြုမည့် စာရွက်စာတမ်း၊ အထောက်အထားများပါရှိရန် သတ်မှတ်ထားပါသည်။

**နှစ်ကာလများစွာ ကြာမြင့်ဦးမည်**

တရားရုံးက အဆုံးအဖြတ်ပေးရန် မူလတင်ပြသော တောင်းဆိုချက်ကို မူလတင်သွင်းသောအမှု (original case) ဟုခေါ်ဆိုပြီး ဤအမှုအပေါ် ဆုံးဖြတ်ချက် ချမှတ်ရန် နှစ်ကာလများစွာ ကြာမြင့်ဦးမည်ဖြစ်ပါသည်။ တရားရုံးများသည် ယင်းတို့ထံ တင်သွင်းလာသော မူလအမှုကို မစဉ်းစားမီ ဤမူလအမှုနှင့်ဆက်စပ်၍ ကြားဖြတ်အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို ချမှတ်ပေးရန် တောင်းဆိုမှုများကိုလည်း ကြုံတွေ့ရလေ့ရှိကြသည်။ ဤအခါတွင် ကြားဖြတ်အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း၊ မချမှတ်ခြင်းကိစ္စကို တရားရုံးများက စဉ်းစားရာတွင်(prima facie) ဟုခေါ်ဆိုသော တရားရုံးသို့ တင်ပြလာသည့်အချက်များအပေါ်တွင် အပေါ်ယံအမြင်အားဖြင့် ဖြစ်နိုင်ဖွယ်ရှိ၊ မရှိဆိုသည်ကို စဉ်းစားသုံးသပ်သည့် ကနဦးထင်မြင်ချက်အား ထည့်သွင်းစဉ်းစားကြပါသည်။ ပိုမိုရှင်းလင်းအောင်ဖော်ပြရပါလျှင် အငြင်းပွားသူ တစ်ဖက်ဖက်က တင်ပြသောအချက်အလက်များကို အသေးစိတ်စစ်ဆေးကြည့်ရှုခြင်း၊ ငြင်းပယ်ခြင်း စသည့် တရားရေးလုပ်ငန်းစဉ်များ မစတင်မီ တရားရုံးရှေ့မှောက်သို့ တင်သွင်းထားသော အကြောင်းခြင်းရာ အချက်အလက်အပေါ် မူတည်၍ ကြားဖြတ်အမိန့်ချမှတ်ရန် သင့်၊ မသင့်ဟူသော ကနဦး ထင်မြင်ယူဆချက်ပင် ဖြစ်ပါသည်။ မူလတင်သွင်းသော အမှုကို တရားရုံးက လက်ခံပြီးနောက် ပထမဦးစွာ စာဖြင့်တင်သွင်းသော အပိုင်းစတင်မည်ဖြစ်ပါသည်။ ဤအခါ တရားစွဲဆိုသောနိုင်ငံက ရုံးတော်သို့ အဆိုလွှာတင်သွင်းခြင်း၊ ဤအဆိုလွှာအပေါ် တရားစွဲဆိုခြင်းခံရသောနိုင်ငံက တုံ့ပြန်လွှာတင်သွင်းခြင်း၊ နှစ်ဖက် အချေလွှာ၊ တုံ့ပြန်ဖြေရှင်းလွှာများ အပြန်အလှန် တင်သွင်းခြင်း၊ လိုအပ်သောအထောက်အကူပြုစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်အတူ တင်ပြခြင်းတို့ ဖြစ်ပါသည်။

**တရားရေးလုပ်ငန်းစဉ်များ**

ထို့နောက် နှုတ်ဖြင့်တင်သွင်းခြင်း (oral proceeding) အပိုင်းကို စတင်ကြားနာမည် (hearing) ဖြစ်ပြီး နှစ်ဖက်အပြန်အလှန်လျှောက်ထားခြင်း၊ သက်သေအထောက်အထားများ စစ်ဆေးခြင်း၊ သက်သေထွက်ဆိုချက်များ ရယူခြင်း၊ မျက်မြင်သက်သေခေါ်ယူရန် လိုအပ်သည်ဟု တရားရုံးက ယူဆလျှင် သို့မဟုတ် အမှုသည်က ခေါ်ယူပေးရန်တောင်းဆိုလျှင် ခေါ်ယူခြင်း၊ အမှုကြားနာခြင်းမပြုမီ၊ သို့မဟုတ် ကြားနာနေဆဲကာလအတွင်း တရားသူကြီးများက သိရှိလိုသောအချက်များ (points) သို့မဟုတ် ပြဿနာများ (issues) ကို ထုတ်ဖော်ပြောကြားရန် တောင်းဆိုပါက ပြောကြားရန်လိုခြင်း၊ တရားရုံးကတင်ပြသော လူသက်သေ၊ စာရွက်စာတမ်းသက်သေများ၏ မှန်ကန်မှုကို စစ်ဆေးရန် လိုအပ်သည်ဟု ယူဆလျှင် သို့မဟုတ် အမှုသည်က တောင်းဆိုလျှင် ကျွမ်းကျင်သူ (experts) များကို တရားရုံးရှေ့သို့ ခေါ်ယူ၍ အတည်ပြုချက်ရယူခြင်း စသည့် တရားရေးလုပ်ငန်းစဉ်များ (judicial proceedings) ရှိပါသည်။

အထူးသဖြင့် အချုပ်အခြာအာဏာပိုင်သော နိုင်ငံများနှင့်သက်ဆိုင်သော အငြင်းပွားမှုဖြစ်လျှင် တရားသူကြီးများသည် နှစ်နှင့်ချီ၍ အချိန်ကာလကြာမြင့်စွာ စဉ်းစားသုံးသပ်ကြရပါသည်။ ယင်းတို့၏ မြင့်မားသော အရည်အချင်း၊ ကောင်းမြတ်သော ဂုဏ်သတင်းနှင့် ပညာရှင်ပီသသော အရည်အသွေးများအပေါ် မူတည်၍ ဘက်လိုက်မှုကင်းရှင်းသည့်၊ တရားမျှတမှုကို ဖော်ဆောင်နိုင်သည့် စစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သောတရားရေးဆိုင်ရာ လုပ်ဆောင်ချက်မှန်သမျှကို ဘက်ပေါင်းစုံနှစ်နှင့်ချီ၍ အချိန်ယူပြီး ဆောင်ရွက်ကြရပါသည်။

**ကြားဖြတ် သို့မဟုတ် ယာယီတားဆီးဆောင်ရွက်ချက်များ (Provisional Measuers) ချမှတ်ပေးရန် ဂမ်ဘီယာနိုင်ငံက လျှောက်ထားခြင်း**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် ICJ ၌ စွဲဆိုထားသော မူလကိစ္စမှာ မြန်မာနိုင်ငံ၏ ၁၉၄၈ ခုနှစ်၊ လူမျိုးပြုန်းတီးစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာစာချုပ်ကို ချိုးဖောက်ကြောင်း စွပ်စွဲချက်ကို အကြောင်းပြုခြင်းဖြစ်ပါသည်။ အဓိက တင်ပြချက်မှာ လူမျိုးပြုန်းတီးစေသည့်လုပ်ရပ်များတွင် ပူးပေါင်းပါဝင်ခြင်း၊ ကြံစည်ခြင်း၊ ညွှန်ကြားခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း ပြစ်မှုများနှင့်စပ်လျဉ်း၍ အပြစ်ပေးရန်ပျက်ကွက်မှုဖြင့်လည်းကောင်း၊ ပြည်တွင်းဥပဒေပြဋ္ဌာန်း၍ အပြစ်ကျူးလွန်သူများကို ထိရောက်သောပြစ်ဒဏ်များ ချမှတ်ရန် ပျက်ကွက်မှုများဖြင့် လည်းကောင်း မြန်မာနိုင်ငံသည် ယင်းစာချုပ်ပါ တာဝန်များကို ဖောက်ဖျက်ကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံးက ကြေညာပေးရန် တောင်းဆိုခြင်းဖြစ်ပါသည်။

သို့သော် အထက်တွင် ရေးသားတင်ပြသည့် တရားရေးလုပ်ငန်းစဉ်များအရ မူလစွဲဆိုသောအမှုကို ကြားနာဆုံးဖြတ်ရန် နှစ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်ခြင်းကြောင့် ဂမ်ဘီယာနိုင်ငံက ကြားဖြတ် သို့မဟုတ် ယာယီတားဆီးဆောင်ရွက်ချက်များ (provisional measures) ကို ကနဦး ပြုလုပ်ပေးရေးအတွက် အမိန့်ချမှတ်ပေးပါရန် ICJ ဥပဒေပြဋ္ဌာန်းချက်အား ကိုးကား၍ ကြားဖြတ်တောင်းဆိုခြင်းဖြစ်ပါသည်။

ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်အပေါ် အကျဉ်းချုပ်အားဖြင့် ထုတ်နုတ်ရေးသားရလျှင် (က)သတ်ဖြတ်မှု၊ ခန္ဓာကိုယ် ထိပါးနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ မီးရှို့ဖျက်ဆီးမှုနှင့် သက်သေအထောက်အထား ဖျက်ဆီးမှုများမဖြစ်စေရန်၊( ခ) လက်ရှိ ရခိုင်ပြည်နယ်တွင်

**စာမျက်နှာ ၉ သို့** ❒

❒ စာမျက်နှာ ၈ မှ

နေထိုင်သော အစ္စလာမ်ဘာသာဝင်လူမျိုးစုများအပေါ် လူမျိုးပြုန်းတီးစေမည့် ပြစ်မှုများ ဆက်လက်လုပ်ဆောင်ခြင်းမရှိစေရန်၊ (ဂ) လူမျိုးပြုန်းတီးစေမှု ကာကွယ်တားဆီးခြင်းနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ နိုင်ငံတကာစာချုပ်က တားမြစ်ထားသည့်ကိစ္စများ ဆက်လက်မဖြစ်ပွားစေရန်၊ (ဃ) လက်ရှိ အငြင်းပွားမှုကို ပိုမိုဆိုးရွားစေမည့် သို့မဟုတ် ကြီးထွားစေမည့် လုပ်ဆောင်ချက် တစ်စုံတစ်ရာမျှ မပြုလုပ်စေရန်၊ (င)စာချုပ်နှင့်အညီလိုက်နာအကောင်အထည်ဖော်ရမည့် ကတိကဝတ်အား အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် တောင်းဆိုထားပါသည်။

**အခြေခံအချက်အချို့**

ဤကိစ္စနှင့်ဆက်စပ်၍ ICJ ၏ ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်၏ အခြေခံအချက်အချို့ကို ထုတ်နုတ်ရေးသားရလျှင် တစ်ဖက်၏ လျှောက်ထားချက်တွင် ပါဝင်သည့် အခြေအနေနှင့် အကြောင်းခြင်းရာများကို ထောက်ချင့်၍ အငြင်းပွားမှုတင်သွင်းသည့် နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါက ဤကိစ္စအလို့ငှာ ယာယီတားဆီးဆောင်ရွက်ချက်များကို အမှုစွဲဆိုခြင်းခံရသည့် နိုင်ငံဘက်မှဆောင်ရွက်ပေးရန် ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ယာယီအရေးယူဆောင်ရွက်ရန်အတွက် တားဆီးမိန့်တစ်ရပ် ထုတ်ပြန်ပေးရန် နိုင်ငံတစ်နိုင်ငံက တောင်းဆိုလာပြီး ဤအမိန့်ထုတ်ပေးရန် လိုကြောင်း တရားရုံးက ထင်မြင်ယူဆလျှင် ထုတ်ပေးပိုင်ခွင့် အခွင့်အာဏာကို ICJ အား ယင်းဥပဒေက အပ်နှင်းထားပါသည်။ ဤအခွင့်အာဏာအရ တားဆီးမိန့်ချမှတ်လျှင် ချမှတ်သည့်နေ့မှစတင်၍ (၄)လအတွင်း တားဆီးမိန့်ထုတ်ခံရသော နိုင်ငံက ယင်းတို့ကြားဖြတ်အရေးယူဆောင်ရွက်ထားသောကိစ္စများကို တရားရုံးသို့ အစီရင်ခံစာ တင်သွင်းရန် ICJ ဥပဒေက သတ်မှတ်ထားပါသည်။

ဂမ်ဘီယာနိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာတင်သွင်းသူ၊ အချက်အလက်ရှာဖွေရေးအဖွဲ့၊ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ပါရှိသော တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို အခြေခံပြီး ယာယီတားဆီးပေးသည့် အမိန့်ချက်ချင်းချမှတ်ပေးရန်နှင့် အရေးယူဆောင်ရွက်ချက်များကို မြန်မာဘက်က (၄)လအတွင်း တရားရုံးသို့ ပြန်လည်အစီရင်ခံရန် တောင်းဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အထူးသဖြင့် တစ်ဖက်နိုင်ငံတွင် မြန်မာနိုင်ငံမှ ထွက်ပြေးသွားသူ အမြောက်အမြားရှိနေခြင်း၊ ယင်းတို့အား စိစစ်၍ ပြန်လည်လက်ခံရန်ကိစ္စအပေါ် တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်မှုတွင် အပြည့်အဝ အောင်မြင်မှုမရှိသေးသည့် အခြေအနေများ၊ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသူများအား တွေ့ဆုံမေးမြန်းချက်များကို အသားပေးတင်ပြမည်ဖြစ်ကြောင်း သုံးသပ်ယူဆပါသည်။

**မှန်းဆနိုင်**

မြန်မာနိုင်ငံဘက်က ဂမ်ဘီယာနိုင်ငံ၏ ယာယီတားမြစ်ချက်များပြုလုပ်ပေးရန် တောင်းဆိုချက်နှင့် စပ်လျဉ်း၍ ယာယီဆောင်ရွက်ချက်များချမှတ်၍ တားဆီးရမည့်အခြေအနေမျိုး မြန်မာနိုင်ငံတွင် မရှိကြောင်း၊ တားဆီးမိန့်ထုတ်ရန် အနေအထားမဟုတ်ကြောင်း၊ မြန်မာနိုင်ငံဘက်က ယင်းနိုင်ငံတွင် တားဆီးရေးအတွက် လုပ်ဆောင်ရန်ရှိသည့် ကိစ္စအားလုံးကို အပြည့်အဝ လွတ်လပ်စွာ၊ မျှတစွာလုပ်ဆောင်နေကြောင်း၊ ဥပဒေအချက်အလက်များဖြင့် ခိုင်မာစွာငြင်းဆိုရန်သာရှိမည်ဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။

ကြားဖြတ် သို့မဟုတ် ယာယီအရေးယူဆောင်ရွက်ချက်များချမှတ်၍ တားဆီးပေးရန် ကနဦးတောင်းဆိုချက်သည် နိုင်ငံတကာတရားရုံး၊ ခုံရုံးများ၏ သက်ဆိုင်ရာစည်းမျဉ်းဥပဒေနှင့် သာမန်လုပ်ထုံးလုပ်နည်းများအရ လုပ်ဆောင်လေ့ရှိသော ကိစ္စရပ်သာဖြစ်ပါသည်။ တားမြစ်မိန့်တောင်းခံသည့်ကိစ္စ၏ သဘောသဘာဝအား အလွယ်တကူ ရှင်းလင်းရပါလျှင် မူလစွဲဆိုထားသော အမှုတစ်ခုလုံးအတွက် မှန်ခြင်း၊မှားခြင်း၊ ဖောက်ဖျက်ခြင်း၊ မဖောက်ဖျက်ခြင်းကို အပြီးသတ် ဆုံးဖြတ်ခြင်းမဟုတ်ပါ။ ထင်ရှားသော သာဓကတစ်ရပ်ကို ထုတ်နုတ်တင်ပြရပါလျှင် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း(United Nations Convention on the Law of the Sea– UNCLOS)တွင် နိုင်ငံတစ်နိုင်ငံ၏ သင်္ဘောများကို အခြားနိုင်ငံတစ်နိုင်ငံက အကြောင်းအမျိုးမျိုးကြောင့် ဥပဒေနှင့်အညီ ဖမ်းဆီးသောကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံထက်ပိုသော နိုင်ငံများအကြား အငြင်းပွားမှုဖြစ်ပြီး ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးသို့ တင်သွင်းအဆုံးအဖြတ်ခံယူလျှင် ဖမ်းဆီးခံသင်္ဘောအား မှတ်ပုံတင်ထားသော နိုင်ငံသည် ယင်းသင်္ဘောနှင့် လိုက်ပါလာသော သင်္ဘောသားများအား ဖမ်းဆီးထားခြင်းမှ အမြန်ဆုံးလွှတ်ပေးရန် (prompt release)အတွက် ခုံရုံးသို့ ယာယီ သို့မဟုတ် ကြားဖြတ်အမိန့်ချမှတ်ပေးရန် တောင်းဆိုနိုင်သည့် သဘောကဲ့သို့ဖြစ်ပါသည်။

**ကြားဖြတ်အမိန့် ချမှတ်နိုင်**

အထက်ကဖော်ပြခဲ့သည့် သာဓကပါတောင်းဆိုချက်ကို ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးက အမှုတွင်ဖြစ်ပေါ်နေသော အကြောင်းခြင်းရာများအရ အငြင်းပွားမှုတွင်ပါဝင်သော နိုင်ငံများ၏ အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်ဟုယူဆလျှင်၊ ထို့အတူ အဆိုပါနိုင်ငံများ၏ အဏ္ဏဝါပတ်ဝန်းကျင်(marine environment) အားဆိုးရွားစွာထိခိုက်စေမှုကို တားဆီးကာကွယ်ရန် သင့်လျော်သောဆောင်ရွက်ချက်များ လုပ်ဆောင်ရန် လိုအပ်သည်ဟုယူဆလျှင် တရားစွဲဆိုသောနိုင်ငံက တောင်းဆိုသည့် ယာယီဆောင်ရွက်ချက်များကို တရားစွဲဆိုခြင်းခံရသော နိုင်ငံက တားဆီးကာကွယ်ပေးရန်အတွက် ခုံရုံးက ကြားဖြတ်အမိန့်ချမှတ်နိုင်ကြောင်း ခွင့်ပြုထားပါသည်။ မူလစွဲဆိုထားသော သင်္ဘောနှင့် သက်ဆိုင်သောအမှုကို အပြီးသတ်မဆုံးဖြတ်မီ ကြားဖြတ်အမိန့်ချမှတ်ပေးရန် တင်သွင်းခြင်းဖြစ်ပါသည်။ ကြားဖြတ်အမိန့်ချမှတ်ခဲ့လျှင် ဤအမိန့်ကို ချက်ချင်းအရေးယူဆောင်ရွက်ရန်လည်း လိုမည်ဖြစ်ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် သွားရောက်ခြင်း**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ ICJ သို့ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် သွားရောက်မည့်ကိစ္စအတွက် ရေးသားခဲ့သည့်အတိုင်း ဂမ်ဘီယာနိုင်ငံက ICJ သို့ ယင်းတို့ တင်ပြထားသော မူလအမှုအား အပြီးသတ်ဆုံးဖြတ်ချက် မချမီ ယာယီအရေးယူဆောင်ရွက်ချက်များ ချမှတ်ပေးရန် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ အမှန်တကယ် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ခြင်း ရှိ၊ မရှိ ကနဦးကြားနာစစ်ဆေးမှုသို့ သွားရောက်၍ ရင်ဆိုင်ဖြေရှင်းရန်၊ တုံ့ပြန်ချေပရန် ဖြစ်ပါသည်။ ဂမ်ဘီယာနိုင်ငံက မူလစွဲဆိုထားသောအမှုအတွက် သွားရောက်ခြင်း မဟုတ်ကြောင်း လက်လှမ်းမီသမျှ လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ သွားသည့်ကိစ္စကို နိုင်ငံတစ်ဝန်းရှိ ပြည်သူအများစုတို့က ထောက်ခံကြိုဆိုပွဲများ ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ထောင်စုအရေးသည် မိမိတို့အားလုံး၏ အရေးဖြစ်၍ ပြည်ထောင်စုပုံရိပ်ကို ထိခိုက်ကျဆင်းစေမည့် ထိုးနှက်ချက်များကို ဥပဒေကြောင်းအရ ဖြေရှင်းသွားသည့် အခါတွင် တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်း အဖွဲ့အစည်းအသီးသီးက ထုတ်ဖော်ပြောဆိုကြကြောင်း ဖတ်ရှုရပါသည်။

**ဖော်ပြထား**

ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၇-၁၁-၂၀၁၉ ရက်နေ့၌ သတင်းထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် နိုင်ငံအရေးကိစ္စ၊ နိုင်ငံအကျိုးစီးပွားကိစ္စဖြစ်၍ "အရေးကြီးပြီ သွေးစည်းကြစို့" ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် ကြီးမားလှသောအင်အားကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယခုအမှုကို ရင်ဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူအစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း အလျဉ်းမပြုလုပ်ဘဲ ဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာက သိရှိနားလည်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ တုံ့ပြန်ရန်၊ နိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်ရန်အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးစီးဆောင်ရွက်မည့် အကြောင်း သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေကလည်း နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများအား ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုဝင်ဘာလအတွင်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် စတင်မည့် ကြားဖြတ်တားဆီးအရေးယူဆောင်ရွက်ရေးအမိန့်ချမှတ်ရန် လိုအပ်ခြင်း ရှိ၊ မရှိ တရားရုံး၏ စစ်ဆေးကြားနာမှုသို့ နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် ဦးဆောင်၍ ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် နိုင်ငံတစ်ဝန်းရှိ လူထုလူတန်းစား အသီးသီးက ထောက်ခံနေကြသည့် သတင်းများကိုလည်း ဖတ်ရှုရပါသည်။

ဥပမာအားဖြင့် "ဝ" အထူးဒေသ(၂) က နိုဝင်ဘာလ ၂၇ ရက်နေ့ ရက်စွဲဖြင့်လည်းကောင်း၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် (မ.အ.ဖ) ဌာနချုပ်က နိုဝင်ဘာလ ၂၈ ရက်နေ့ ရက်စွဲဖြင့်လည်းကောင်း၊ ICJ ကိစ္စတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်၍ ဆောင်ရွက်မှုအပေါ် ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကိုလည်း တွေ့ရှိရပါသည်။

**ကမ္ဘာသို့ အတိအလင်းအသိပေး**

ဤကိစ္စကိုရင်ဆိုင်ရာတွင် အထက်ရေးသားချက်ပါ လှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ ခိုင်မာသော ရပ်တည်ချက်နှင့် သဘောထားကို ကမ္ဘာသို့ အတိအလင်းအသိပေးသည့် သဘောဖြစ်သကဲ့သို့ မြန်မာလူထုကြီးတစ်ရပ်လုံးကိုလည်း စည်းလုံးကြရန် လေးနက်စွာ တိုက်တွန်းချက်ပါ ပါဝင်နေသဖြင့် နှစ်ထောင်းအားရကြိုဆိုသူများတွင် စာရေးသူလည်း တစ်ဦးအပါအဝင်ပင် ဖြစ်ပါသည်။ နိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံ၏ဂုဏ်သိက္ခာအတွက် မိမိတို့ရှေ့ဆက်လုပ်ဆောင်ရမည့် ကိစ္စများအားလုံးကို တစိုက်မတ်မတ်နှင့် အားလုံးအတူတကွ လက်တွဲ၍ အစွမ်းကုန်လုပ်ဆောင်သွားကြရန်သာ အရေးကြီးပါသည်။ မြန်မာလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုအင်အားသည် အငြင်းပွားမှုအား သွားရောက်ရင်ဆိုင်ဖြေရှင်းကြမည့် ခေါင်းဆောင်များ၊ ဥပဒေပညာရှင်များ၊ အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီသူများအတွက် ကြီးမားသောအင်အားဖြစ်စေမည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

အခြားအရေးကြီးသော အချက်တစ်ရပ်ကိုတင်ပြရပါလျှင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် (Agent )အဖြစ် ခန့်အပ်ခြင်းသည် ICJ ၏ Statute ဥပဒေပုဒ်မ ၄၂ အရ နိုင်ငံ၏ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြုရန် ရွေးချယ်ခြင်းဖြစ်ပါသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးကိစ္စကို နိုင်ငံတကာခုံရုံး၌ ဖြေရှင်းစဉ်ကလည်း အလားတူ Agent၊ Co Agent များ ခန့်ထားခဲ့ရပါသည်။

ကိုယ်စားပြုခြင်းဆိုသော သွင်ပြင်လက္ခဏာကိုသာ ဖော်ဆောင်ရန် ရည်ရွယ်မည်ဆိုပါက အခြားအဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားလျှင်ပင် ဖြစ်နိုင်ပါသည်။ ထို့အပြင် ထိုပုဂ္ဂိုလ်အား ဥပဒေအရ အထောက်အကူပြုမည့် နိုင်ငံတကာမှ ကျွမ်းကျင်သော ဥပဒေပညာရှင်ရှေ့နေများကို ငှားရမ်းထားပြီးဖြစ်သကဲ့သို့ ပြည်တွင်းရှိ ဥပဒေပညာရှင်များကလည်း အထောက်အပံ့ပြုနိုင်ပါသည်။

**ပိုမိုသောတာဝန်ယူမှုပင်ဖြစ်**

ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ တုံ့ပြန်ဖြေရှင်းခြင်းသည် နိုင်ငံကို ကိုယ်စားပြုခြင်း (Representation) ဆိုသည့်အနှစ်သာရထက် ပိုမိုသော တာဝန်ယူမှုပင်ဖြစ်ကြောင်း နိုင်ငံ့အရေး၊ နိုင်ငံ့အကျိုးစီးပွားနဲ့ ယှဉ်လာလျှင် ရဲရဲရင့်ရင့် ရှေ့ကထွက်၍ မားမားမတ်မတ် ရပ်တည်ကာကွယ်ခြင်းအမှုကိုပြုသော နိုင်ငံ့ခေါင်းဆောင်ပီသမှုကို ပြသခြင်းဖြစ်ကြောင်း အထင်အရှားတွေ့နိုင်မည် ဖြစ်ပါသည်။ ဤသို့ ဦးစီးဆောင်ရွက်မည့် ရည်မှန်းချက်များကို သုံးသပ်ရပါလျှင် (က) မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ရန် ဖြစ်ကြောင်း၊ (ခ) ICJ အရေးအရာကိစ္စများကို ဦးဆောင်ဖြေရှင်းရန်ဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။ ထို့အပြင် နိုင်ငံ၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သော ပုဂ္ဂိုလ်သည် ICJ ၌ မိန့်ခွန်း(Speech) သို့မဟုတ် ကြေညာချက်(Statement) ထုတ်ပြန်လိုပါက ထုတ်ပြန်နိုင်ပါသည်။ နိုင်ငံတကာအစဉ်အလာများအရလည်း ထုတ်ပြန်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

ဤသို့ Agent အဖြစ် ဆောင်ရွက်သူ၏ မိန့်ခွန်း သို့မဟုတ် ကြေညာချက်သည် မြန်မာနိုင်ငံ၏ မှန်ကန်သော ရပ်တည်ချက် (Position) ကို ကမ္ဘာတစ်ဝန်းသို့ အတိအလင်းပြောကြား အသိပေးခြင်းလည်း မည်ပါသည်။ ထို့အတူ မိမိတို့နိုင်ငံအပေါ် တရားစွဲဆိုရန် ကြိုးပမ်းခြင်း၊ စွပ်စွဲခြင်းကိစ္စများအပေါ် ဥပဒေအချက်အလက်၊ အကျိုးကြောင်းဆင်ခြင်မှုများဖြင့် ခိုင်မာစွာနှင့် ပြတ်သားစွာ ငြင်းပယ်ခွင့်ကိုရယူခြင်းဟု ဆိုနိုင်ပါသည်။ ဤသို့ နိုင်ငံတစ်နိုင်ငံ၏ ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးက နိုင်ငံတကာဖိုရမ် သို့မဟုတ် တရားရုံးရှေ့မှောက်တွင်ပြောကြားသောမိန့်ခွန်း သို့မဟုတ် ထုတ်ဖော်ပြောကြားချက်သည် အလွန်အရေးကြီးပြီး အပြည်ပြည်ဆိုင်ရာဥပဒေ၏ မူသဘောတရားအရလည်း ဥပဒေအကျိုးသက်ရောက်မှု (Legal effect) ရှိပါသည်။

**နိဂုံး**

အချုပ်အားဖြင့် ရေးသားရပါလျှင် နိုင်ငံတကာတရားရုံး၌ တောင်းဆိုခံရခြင်းသည် နိုင်ငံအတွက် အကြီးမားဆုံး စိန်ခေါ်မှု (Challenge) ဖြစ်သကဲ့သို့ ဤစိန်ခေါ်မှုကိုရဲဝံ့စွာ၊ မှန်ကန်စွာရင်ဆိုင်ခြင်းသည်လည်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ပကတိဖြစ်ရပ်မှန်များကို ကမ္ဘာကသိရှိစေရန်နှင့် နိုင်ငံတကာသို့ တရားဝင် အသိပေးပြောကြားနိုင်ရန် အခွင့်အလမ်း (opportunity)အဖြစ် ရယူခြင်းဖြစ်သည်ဟု မှတ်ယူမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## အရေးကြီးပြီ သွေးစည်းညီစို့

❖ ထလော့ မြန်မာ
ပါလော့ ပြည်ရေး
အရေးကြီးပြီ
သွေးစည်းညီညွတ်ကြပါစို့။

❖ ဒို့ညီနောင်ထု
တည်ထောင်ပြုသည့်
ပြည်ထောင်စုကို
အန်တုစွက်ဖက်၊ ဂုဏ်သရေဖျက်သော်
လက်သင့်မခံ၊ မျိုးချစ်မာန်ဖြင့်
နိုင်ငံ တန်ဖိုး၊ လူမျိုး ဂုဏ်သိက္ခာ
ကာကွယ်ကြဖို့ ညီကြစို့။

❖ ဒို့မြန်မာသည်
ဘယ်ခါရန်ငြိုး၊ စ- မပျိုးလည်း
တိုင်းကျိုးပြည်ရွာ၊ အချုပ်အခြာကို
ကျူးလာရန်စွယ်၊ အန္တရာယ်အား
မျိုးနွယ်စောင့်သိ၊ ဂုဏ်ဇာတိဖြင့်
ညီသည့်အင်အား၊ စွမ်းပကားဖြင့်
ဖယ်ရှားတွန်းလှန်၊ ဒို့နိုင်ငံတွက်
မြန်မာ့သတ္တိ ပြကြစို့။

❖ အို.. နောင်ညီငဲ့
ဒို့ပြည် ဒို့မြေ၊ ဒို့ပိုင်ရေကို
အရှည်တည်ရေး၊ မျိုးချစ်သွေးဖြင့်
အရေးကြီးပြီ၊ သွေးစည်းညီလော့
အရေးကြုံပြီ၊ သွေးဆုံညီလော့
အရေးပေါ်တိုင်း၊ တုံ့မဆိုင်းဘဲ
တိုင်းရင်းသားတို့၊ ဝိုင်းဝန်းအားဖြင့်
တားဆီးကာကွယ် စောင့်ရှောက်စို့။
တစ်မျိုးသားလုံး ညီညွတ်စို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၅ / ၂၀၁၉**
၁၃၈၁ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ဒီဇင်ဘာလ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၂-၂၀၁၉ ရက်နေ့တွင် ဗန်းမော်မြို့နယ်၊ သပြေကုန်းကျေးရွာ ဆိပ်ကမ်းအနီး၌ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင်(၅၂)နှစ်၊ (ဘ)ဦးနက်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမော်)မယ(ပ)၁၉၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၂-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ ထွန်းဝေ(၆၂)နှစ်၊ (ဘ)ဦးလှထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၅၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မင်းကုန်းကျေးရွာနေ ဇော်နိုင်ဦး(ခ)ပွင့်နဒီမောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၂-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ မင်းကုန်းကျေးရွာနေ ဇော်နိုင်ဦး(ခ)ပွင့်နဒီမောင်(၄၁)နှစ်၊ (ဘ) ဦးဝိုင်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ)၇၆/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ တောင်ငယ်ကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ တောင်ငယ်ကျေးရွာ၊ ဝါးတောင်ငယ်လှေဆိပ်၌ ၎င်းကျေးရွာနေ သန်းအောင်(၄၆)နှစ်၊ (ဘ) ဦးဘွတ်ကာအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မဏ္ဍိုင်)မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ ချစ်မြတ်မင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ ချစ်မြတ်မင်း(၁၉)နှစ်၊ (ဘ)ဦးစိုးလင်း၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြည်)မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် သစ်ပင်ရှည်ကျေးရွာနေ သန့်ဇင်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၂-၂၀၁၉ ရက်နေ့တွင် မြင်းခြံမြို့နယ်၊ သစ်ပင်ရှည်ကျေးရွာနေ သန့်ဇင်မောင်(ခ)အရှည်ကြီး(၃၀)နှစ်၊ (ဘ) ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အမှတ်(၁)ရပ်ကွက်နေ သီဟကို(၁၈)နှစ်၊ (ဘ) ဦးကိုကိုလွင်နှင့် ခန့်ဝေနိုင်(၂၂)နှစ်၊ (ဘ)ဦးကျော်ဝေတို့ (၃) ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မြင်းခြံ) မယ(ပ)၁/၂၀၁၉၊မူး/ စိတ်ပုဒ်မ ၁၉ (က) /၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်(၇)နေ မငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၂-၂၀၁၉ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်(၇)၊ ဒူးကြားလမ်းပေါ်၌ ၎င်းရပ်ကွက်နေ မငယ်(ခ)ဘိုင်မွန်နာ(၄၅)နှစ်၊ (ဘ)ဦးပေါက်စ(ခ)ဘကိုနှင့် ခင်ပွန်းအေးမင်းထွန်း(၃၈)နှစ်၊ (ဘ) ဦးခင်မောင်သိန်းတို့ (၂)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြည်ကြီးတံခွန်) မယ(ပ)၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေးချက်အရ တစ်ရပ်ကွက်တည်းနေ ဒေါ်မြသီတာဦး (၃၉)နှစ်၊ (ဘ)ဦးတင်လှထံတွင် မူးယစ်ဆေးဝါးများအပ်နှံထားရှိကြောင်း သိရှိရသဖြင့် ဒေါ်မြသီတာဦး၏ နေအိမ်အားဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ၎င်းအားဖမ်းဆီးရမိသဖြင့် မမစ(ပြည်ကြီးတံခွန်)မယ(ပ)၃၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာနေ ပိုက်ထွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၂-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ ဖဲထော်ကျေးရွာအနီးရှိ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ကော့ပေါက်ကျေးရွာနေ ပိုက်ထွေး(ခ) ကိုကို (၄၀)နှစ်၊ (ဘ) ဦးစိန်သစ်၊ ရဲထက်အောင်(၂၅)နှစ်၊(ဘ) ဦးမြင့်စိုး၊ဘားအံမြို့နယ်၊ဖဲကတာကျေးရွာနေ သန်းဝင်းအောင် (၁၉)နှစ်၊ (ဘ) ဦးဝင်းထွန်းနှင့် ကော့ကရိတ်မြို့နယ်၊ ကော့ကျိုက်ကျေးရွာနေ သက်ဝင်းခိုင် (၃၅)နှစ်၊ (ဘ) ဦးသန်းထိန်တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာရွက်များ၊ လက်လုပ်လေသေနတ် (၁) လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုင်းဝန်ကွင်း) မယ(ပ)၂၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၂(ခ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေကျော်စိုးဝင်း (ခ) ကုလားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၂-၂၀၁၉ ရက်နေ့တွင် ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ ကျော်စိုးဝင်း(ခ)ကုလား(၂၉)နှစ်၊ (ဘ) ဦးမြင့်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၅၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၇-၁၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၈၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၁၃၂)ဦး၊ မ(၂၂၁)ဦး၊ပေါင်း(၁၃၅၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၅၄.၃၆၉၄)ဂရမ်၊ ICE (၁၃၄၇.၃၂)ဂရမ်၊ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၈၉.၉၂)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၃၁၃၃၆)ပြား၊ ဆေးခြောက် (၈၇၅၇.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃၆.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါးရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါတယ်လီဖုန်း/ဖက်စ်ဖုန်းနှင့်အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့လက်အောက်ရှိ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့လက်အောက်ရှိ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးတွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အဖွင့်အမှာစကားပြောကြားခြင်း၊ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တားဆီးနှိမ်နင်းရေးဌာနမှူး ရဲမှူးကြီးဇော်လင်းက မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသည့်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဂန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူက နိဂုံးချုပ်အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ အစီရင်ခံစာပြုစုရေးအတွက် အကြံပြုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီ၏ အစီရင်ခံစာပြုစုရေးအတွက် အကြံပြုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် I-20 ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က ကော်မတီ၏ အပြီးသတ်အစီရင်ခံစာ ဒုတိယအကြိမ်မူကြမ်းကို ပြင်ဆင်၊ ဖြည့်စွက်ရန် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ်မူကြမ်းကို ကော်မတီဝင်များ၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို အခြေခံ၍ ဒုတိယမူကြမ်းကို ရေးသားပြုစုခဲ့ပါကြောင်း၊ ကော်မတီဝင်များ၏အကြံပြုချက်များကို အခြေခံပြီး တတိယမူကြမ်းကို ထပ်မံ၍ပြုစုရေးသားမည်ဖြစ်ပါကြောင်း၊ ယနေ့ ဒုတိယအကြိမ်မူကြမ်းကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်နှင့် ပြင်စရာများရှိပါက ပြင်ပြီး၊ ဖြည့်စွက်စရာရှိပါက ဖြည့်စွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးတင်မြင့်က အစီရင်ခံစာမူကြမ်းအား ပရိဂျက်တာဖြင့် တစ်ပိုဒ်ချင်းစီရှင်းလင်းပြသသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက အဆိုပါမူကြမ်းအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့်အချက်တို့ကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ထို့နောက်ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ(၂) ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာညီလှုငယ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူတို့တက်ရောက်ကြသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သည့် (၇၁)နှစ်မြောက်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံပြည်သူပြည်သားများ၊ နိုင်ငံတကာအသိုက်အဝန်းတို့နှင့်အတူ ဤအထိမ်းအမှတ်အခါသမယကို ဂုဏ်ပြုဆင်နွှဲအပ်သည်။

ဤကဲ့သို့ အရေးပါသောအခါသမယတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ဖော်ပြ၍ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုသို့တင်ပြရန် အသင့်လျော်ဆုံးအခါသမယ ဖြစ်ပါသည်။

ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာအသိအမြင်၊ ဗဟုသုတများ ရရှိစေရန်အတွက် ကော်မရှင်သည် ၂၀၁၉ ခုနှစ်အတွင်း လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တို့တွင် လည်းကောင်း၊ လူ့အခွင့်အရေးအခြေခံအချက်များကို သိရှိနားလည်ပြီး လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ဝိုင်းဝန်းကာကွယ်နိုင်စေရန် ရည်ရွယ်၍ ရပ်ရွာလူထုအတွင်း အသိပညာပေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရပ်ကွက်/ ကျေးရွာပေါင်း ၁၄ ခုတို့တွင် လည်းကောင်း၊ လူ့အခွင့်အရေး အသိပညာပေးသူများအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီး တို့ရှိ မြို့နယ်အချို့တွင်လည်းကောင်း ကျင်းပပြုလုပ်သည်။ ထို့ပြင်ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် လူ့အခွင့်အရေးအသိတရားဖြင့် ယှဉ်တွဲဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့်မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ပြည်သူလူထုအတွင်း လူ့အခွင့်အရေးကို မှန်ကန်စွာသိရှိနားလည်နိုင်စေရန်အတွက် လူ့အခွင့်အရေးအခြေခံသင်တန်းများနှင့် အဆင့်မြင့်သင်တန်းများကို ကော်မရှင်ရုံး၌ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ ထို့ပြင် ကော်မရှင်သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး/ ဘုရင့်နောင်)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် ရဲအရာရှိသင်တန်းကျောင်းများတွင် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပို့ချခြင်း၊ မီးသတ်စခန်းမှူးသင်တန်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော မွမ်းမံသင်တန်းများတွင် လူ့အခွင့်အရေး သင်ခန်းစာများ ပို့ချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို တိုင်းရင်းသားဘာသာစကားများဖြင့် ဘာသာပြန်ဆိုဖြန့်ချိခဲ့ရာ တိုင်းရင်းသားဘာသာ ၂၀ မျိုးဖြင့် ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်သည် Pen Myanmar အဖွဲ့နှင့်ပူးပေါင်း၍ Freedom of Expression အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည်။ ထို့ပြင် ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များဆောင်ရွက်နိုင်စေရန်အလို့ငှာ ကော်မရှင်သည် ၂၀၁၉ ခုနှစ်အတွင်း Good Neighbors International (GNI) အဖွဲ့နှင့် Letter of Cooperation (LOC) လက်မှတ်ရေးထိုးခဲ့ပါသည်။

လူ့အခွင့်အရေးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို ကော်မရှင်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပြီး တိုင်တန်းချက်အချို့နှင့်ပတ်သက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်များ၊ အလုပ်စခန်းများ၊ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များနှင့် ကော်မရှင်၏အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့သည့်အပြင် အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက်အချို့နှင့်ပတ်သက်၍ တိုင်တန်းချက်တွင် သက်ဆိုင်သည့်ပုဂ္ဂိုလ်များအား ကော်မရှင်ရုံး၌ ခေါ်ယူမေးမြန်း၍ စုံစမ်းတွေ့ရှိချက်များနှင့် ကော်မရှင်၏အကြံပြုချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံသို့ ပေးပို့ခဲ့သည်။

ကော်မရှင်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆဲဥပဒေနှင့်အဆိုပြုထားသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးရှုထောင့်မှသုံးသပ်ပြီး လွှတ်တော်နှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသို့ ကော်မရှင်၏ သဘောထားမှတ်ချက်နှင့်အကြံပြုတိုက်တွန်းချက်များ ပေးပို့လျက်ရှိပါသည်။ ထို့ပြင်ကော်မရှင်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ သီးခြားအစီရင်ခံစာကို ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကော်မတီသို့ ၁၂-၇-၂၀၁၉ ရက်နေ့တွင် တင်သွင်းခဲ့ပြီး အများပြည်သူလေ့လာသိရှိစေရန်အတွက် အဆိုပါသီးခြားအစီရင်ခံစာကို ကော်မရှင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ထုတ်ပြန်ခဲ့သည်။

ကော်မရှင်သည် ဒေသအဆင့်နှင့်နိုင်ငံတကာအဆင့် လူ့အခွင့်အရေး ယန္တရားများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသခွဲဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF)၊ ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) နှင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂက ကမကထပြုဖွဲ့စည်းထားသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions – GANHRI)တို့၏ အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင်ကော်မရှင်သည် ၎င်း၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်အလို့ငှာ ကော်မရှင်၏လက်ရှိစွမ်းဆောင်ရည်အတွက် ဆန်းစစ်မှု (Capacity Assessment) ကို ကော်မရှင်တွင်းနှင့်ကော်မရှင်နှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ ပါဝင်လျက်ဆောင်ရွက်ခဲ့ပြီး အဆိုပါဆန်းစစ်မှုမှ ထွက်ပေါ်လာသည့် စွမ်းဆောင်ရည်ဆန်းစစ်မှုအစီရင်ခံစာ စတင်ဖြန့်ချိခြင်းအခမ်းအနားကို အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့နှင့် ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၉ ခုနှစ်အတွင်းတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။

ကော်မရှင်သည် စွမ်းဆောင်ရည်ဆန်းစစ်မှုအစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ကော်မရှင်၏မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)ကို အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်မှ ကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီမှုဖြင့် မူကြမ်းရေးဆွဲခဲ့ပြီး အဆိုပါမူကြမ်းကို ကော်မရှင်နှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်နှင့်အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကာ ၎င်းတို့၏အကြံပြုချက်များရယူ၍ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်တို့ကို အပြီးသတ်ရေးဆွဲအတည်ပြုခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွက် နှစ်စဉ်လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲခဲ့သည်။

ကော်မရှင်သည် လူ့အခွင့်အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူများ ကော်မရှင်သို့ လွယ်ကူချောမွေ့စွာ လက်လှမ်းမီဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် ကော်မရှင်ရုံးခွဲများကို နေပြည်တော်နှင့်မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားရှိခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကော်မရှင်၏ယာယီရုံးခွဲတစ်ခုကိုလည်း ထပ်မံဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာပြီး ပြည်သူများလူ့အခွင့်အရေးအပြည့်အဝခံစားရရှိနိုင်ရန်အတွက် ကော်မရှင်ဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးဆောင်ရွက်ချက်များကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လူ့အခွင့်အရေးနေ့အခါသမယတွင် သန္နိဋ္ဌာန်ပြုပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းလူ့အခွင့်အရေးပူးပေါင်းမြှင့်တင်နိုင်ရေး နယူးဇီလန်နိုင်ငံတွင် ဆွေးနွေး

**နယူးဇီလန် ဒီဇင်ဘာ ၉**

နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့သို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် နယူးဇီလန်နိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတွင် ယနေ့နံနက်ပိုင်း၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လေ့လာဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မသန်စွမ်းမှုဆိုင်ရာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ နိုင်ငံသူ နိုင်ငံသားတိုင်း၏ လူ့အခွင့်အရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ တိုးတက်ပြောင်းလဲမှုများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်း၊ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီအဆင့်ဆင့်အပြင်



ဆပ်ကော်မတီ ကိုးခုဖွဲ့စည်းဆောင်ရွက်နေမှုများ၊ အထူးသဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကော်မတီမှ သုံးသပ်ပေးပို့လာသည့် Concluding Observation တို့ကို နယူးဇီလန်နိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဖြစ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရေးဆောင်ရွက်နိုင်ရေးအတွက် အထောက်အထားအခြေပြုသော မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို အလေးထားသည့် နိုင်ငံတော်အဆင့်မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်တို့ကို နိုင်ငံတော်အစိုးရက ဦးဆောင်ရေးဆွဲဆောင်ရွက်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)အား ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများက ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်တို့ကို ချမှတ်ဆောင်ရွက်ရေးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ မသန်စွမ်းသူများ၏အလုပ်အကိုင် စွမ်းဆောင်ရည်မြင့်မားစေရေး၊ UNCRPD ကို အကောင်အထည်ဖော်မှုအတွက် လွတ်လပ်သော စောင့်ကြည့်အကဲဖြတ်သည့်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် လက်လှမ်းမီဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ မသန်စွမ်းသူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ယုံကြည်ချက်မြင့်မားလာစေရန် ပံ့ပိုးကူညီမှုပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sport New Zealand မှတာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် မသန်စွမ်းမှုအလိုက် ကျန်းမာပျော်ရွှင်စေရန် လေ့ကျင့်ဆောင်ရွက်ပေးရေးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးမှုအပါအဝင် မသန်စွမ်းသူများ၏ အားကစားနှင့်အပန်းဖြေအနားယူခွင့်ရရှိရေးတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၅၂၂ သန်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၂ ဒသမ ၁၂၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) |
| (က) | စက်မှုကဏ္ဍ | ၂၇ | ၁၀၄.၃၂၂* | ၆ | ၁၀.၉၇၅ |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၂၇.၄၀၀* | ၁ | ၂၇၄.၆၈၀ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၂၀.၀၀၀ | - | - |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂ | ၃၂.၈၀၀ | - | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၉၈.၀၀၀ | ၂ | ၆.၄၇၃ |
| စုစုပေါင်း | | ၃၁ | ၂၈၂.၅၂၂ | ၉ | ၂၉၂.၁၂၈ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၃၂၆၂၇၉.၆၆၀) သန်းနှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၁၆၃၄၈၁.၈၄၀) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁ | ၁၂၂၄၄၇.၉၀၅ | - | - |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃ | ၂၉၄၃၆.၀၀၀ | ၁ | ၈၃၁၉၇.၀၀၀ |
| (ဂ) | စက်မှုကဏ္ဍ | ၇ | ၁၂၉၇၄.၆၁၇ | ၈ | ၄၃၉၃၄.၈၄၀ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၄ | ၂၁၆၀၄.၂၈၀ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၃၃၇၂.၀၁၀* | - | - |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၁၂၉၇၅၂.၀၀၀ | - | - |
| (ဆ) | လယ်ယာကဏ္ဍ | ၁ | ၇၁၃.၀၀၀ | ၁ | ၃၅၀၀၀.၀၀၀ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၅၉၇၉.၈၄၈ | ၂ | ၁၃၅၀.၀၀၀ |
| စုစုပေါင်း | | ၂၀ | ၃၂၆၂၇၉.၆၆၀ | ၁၂ | ၁၆၃၄၈၁.၈၄၀ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| စုစုပေါင်း | | ၁၃၀၁၄၅ | ၄၂၄၈၇ | ၁၇၂၆၃၂ | ၂၀၇၇၃၄ | ၅၅၀၇၈ | ၂၆၂၈၁၂ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ | | ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၅၇၂၁၄ | ၁၆၃၀၈ | ၇၀၁၉၇ | ၁၇၆၉၇ | |
| ၂ | မန္တလေးလေဆိပ် | ၁၃၄၃၁ | ၄၀၃၇ | ၃၇၇၃၆ | ၄၅၉၅ | |
| ၃ | နေပြည်တော်လေဆိပ် | ၂၇၃ | ၂၆၇ | ၁၃၈၀ | ၃၄၄ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၇၂၄ | ၁၃၅ | ၃၆၆၀ | ၇၁ | |
| ၆ | မြဝတီ | ၁၃၃၆ | ၆၃၅ | ၁၈၀၉ | ၄၆၇၅ | |
| ၇ | ကော့သောင်း | ၁၁၃၇ | ၇၀ | ၅၈၀ | ၄၄ | |
| ၈ | ထီးခီး | ၁၃၂ | ၁၂ | ၅၀ | ၁၉ | |
| ၉ | တမူး | ၂၅၀ | ၁၇ | ၄၇၆ | ၄၃ | |
| ၁၀ | ရိခေါဒါရ် | ၁ | ၁ | ၁၀ | ၀ | |
| စုစုပေါင်း | | ၇၇၄၉၈ | ၂၁၄၈၂ | ၁၁၅၈၉၈ | ၂၇၄၈၈ | |

## "ရည်းစားတစ်ခုလပ်များ" ရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

"ရည်းစားတစ်ခုလပ်များ" ဟာသရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ပြီး ယင်းရုပ်ရှင်၏အထူးပွဲကို ရန်ကုန်မြို့ မြေနီကုန်း ဒဂုံစင်တာ(၂)ရှိ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒီဇင်ဘာ ၈ ရက် ညပိုင်းတွင် ပြသခဲ့သည်။

"ရည်းစားတစ်ခုလပ်ဆိုတာ ကျွန်တော်တို့က ရည်းစားတွေနဲ့ အဆင်မပြေတွေဖြစ်ပြီး ပြတ်ကုန်ကြတာပါ။ ရယ်ချင်တယ်ဆိုရင်လာကြည့်ပါ"ဟု သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်းက ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ အကယ်ဒမီ ခိုင်သင်းကြည်က "ဖေ့စ်ဘွတ်ခ်က plot တွေက တစ်နေ့တစ်မျိုးအသစ်တွေထွက်တာ။ အဲဒီအသစ်တွေ၊ ခေတ်စားတဲ့ လူပြောများတာတွေကို ရိုက်ထားတာပါ။ ဟာသကားပေမယ့် အပြည့်အဝလုပ်ကွက်ရမယ့်ကားဆို လက်ခံပြီး ရိုက်မှာပါ။ အခုဒီကားလေးက ကြည့်တဲ့လူတွေကို သဘောကျစေမှာပါ" ဟု ပြောသည်။

ဤရုပ်ရှင်တွင် ဇာတ်ညွှန်း နေစိုးသော်၊ ဝတ္ထုနှင့် ဒါရိုက်တာ ရာဇဝင်ကို၊ သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ကျော်ရဲအောင်၊ သူရိယ၊ ညီနန္ဒ၊ အကယ်ဒမီ ခိုင်သင်းကြည်၊ မေသဉ္ဇာဦး၊ ခင်လှိုင်၊ ယုသန္တာတင်၊ မေကြည်(Myanmar Idol)နှင့် သရုပ်ဆောင်များစွာပါဝင်ပြီး Golden River ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည်။

**သန့်ဇင်ဝင်း**

# ဖင်လန်နိုင်ငံ၌ အသက် ၃၄ နှစ်အရွယ် အမျိုးသမီးကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

**ဟယ်လ်ဆင်ကီး ဒီဇင်ဘာ ၉**

ဖင်လန်နိုင်ငံ၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ယမန်နေ့က အသက် ၃၄ နှစ်အရွယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဟောင်း ဆန်နာမာရင်ကို ဝန်ကြီးချုပ်နေရာအတွက် ရွေးချယ်ခဲ့ရာ နိုင်ငံ့သမိုင်းတွင် အသက်အငယ်ဆုံး အမျိုးသမီး အစိုးရအဖွဲ့အကြီးအကဲ ဖြစ်လာခဲ့သည်။

စာပို့လုပ်ငန်းဆန္ဒပြမှုများ ကိုင်တွယ်မှုနှင့်ပတ်သက်၍ ညွန့်ပေါင်းမိတ်ဖက် စင်တာပါတီ၏ယုံကြည်မှု ဆုံးရှုံးခြင်းကြောင့် ဒီဇင်ဘာ ၃ ရက်က ရာထူးမှ နုတ်ထွက်ခဲ့သည့် အန့်တီရိန်း၏နေရာ အစားထိုးရွေးချယ်ရာတွင် ဆန်နာမာရင်မှာ ကျဉ်းမြောင်းသောမဲရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ “ကျွန်မတို့ ယုံကြည်မှုပြန်လည်တည်ဆောက်ဖို့ လုပ်ဆောင်စရာတွေ အများကြီးရှိပါတယ်” ဟု မာရင်က ပြောကြားခဲ့သည်။

မိမိ၏ အသက်အရွယ်၊ လိင်နှင့်ပတ်သက်၍ မည်သည့်အခါမျှ စဉ်းစားခဲ့ခြင်းမရှိကြောင်း၊ နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာပုံနှင့် မဲဆန္ဒရှင်များ၏ ယုံကြည်မှုရရှိခဲ့သည့်အကြောင်းကိုသာ စဉ်းစားလေ့ရှိကြောင်း မာရင်က ပြောသည်။ အသက် ၃၄ နှစ်အရွယ်ရှိ မာရင်မှာ လက်ရှိအသက် ၃၅ နှစ်ရှိပြီဖြစ်သည့် ယူကရိန်းဝန်ကြီးချုပ် အိုလက်ဆီဟွန်ချာရတ်ခ်ကို ကျော်လွန်၍ ကမ္ဘာပေါ်တွင် 



အသက်အငယ်ဆုံး နိုင်ငံ့ခေါင်းဆောင်များအနက် တစ်ဦးဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း အန့်တီရိန်းသည် ဖင်လန်နိုင်ငံ၏ ဗဟိုယိမ်း ပါတီငါးခုဖွဲ့ထားသည့် ညွန့်ပေါင်းအစိုးရကို ပြီးခဲ့သောဇွန်လနောက်ပိုင်း ဦးဆောင်ခဲ့ပြီး မာရင်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မှုက ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဦးဆောင်သောအစိုးရအဖွဲ့၌ သိသာထင်ရှားသော မူဝါဒအပြောင်းအလဲများ ဖြစ်စေမည်မဟုတ်ပေ။ စင်တာပါတီက ဆောင်ရွက်ခဲ့သည့် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သောစီးပွားရေးအပြောင်းအလဲများကို အဆုံးသတ်ကာ ဖင်လန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ကုစားပေးမည်ဆိုသော ကတိကဝတ်များကြောင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှာ ဧပြီလအတွင်း ကျင်းပသည့် ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည်။ စာပို့လုပ်သား ၇၀၀ ၏ ဝင်ငွေများ ဖြတ်တောက်မည့် စီမံချက်တစ်ရပ်နှင့်ပတ်သက်၍ သီတင်းပတ်ပေါင်းများစွာကြာ နိုင်ငံရေးအကျပ်အတည်းဖြစ်ပွားမှုကြောင့် အန့်တီရိန်းမှာ ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဖင်လန်လွှတ်တော်က ဝန်ကြီးချုပ်သစ် ဆန်နာမာရင်၏ တရားဝင်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပပေးမည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကာကွယ်ရေးဆိုင်ရာ နယ်ပယ်သစ်များတွင် ဂျပန်နှင့် အမေရိကန် စစ်ရေးလေ့ကျင့်မှု ပြုလုပ်

**တိုကျို ဒီဇင်ဘာ ၉**

ဆိုက်ဘာလုံခြုံရေးနှင့် အခြားသောကာကွယ်ရေးဆိုင်ရာ နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ အမေရိကန်တပ်ဖွဲ့နှင့် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့တို့သည် ပူးတွဲစစ်ရေးလေကျင့်မှု စတင်လုပ်ဆောင်ခဲ့ကြသည်။ နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် ယခုစစ်ရေးလေ့ကျင့်မှုကို ယာမာဆာကူရာဟု အမည်ပေးထားသည်။ တပ်ဖွဲ့ဝင်ပေါင်း ၆၆၀၀ ခန့်ပါဝင်သည့် ယင်းစစ်ရေးလေ့ကျင့်မှုသည် တနင်္လာနေ့တွင် စတင်ခဲ့ပြီး နေရာအများအပြားတွင် ပြုလုပ်ခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် တိုကျိုဒေသနှင့် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ ကျွန်းများကို ပဲ့ထိန်းဒုံးကျည်နှင့်ပြောက်ကျားတပ်ဖွဲ့များ၏ တိုက်ခိုက်ခံရသည့်ပုံစံ၊ တစ်ချိန်တည်းတွင် ဝေးကွာသည့်ကျွန်းများ၌ ရန်သူများ၏ကျူးကျော်တိုက်ခိုက်မှုခံရသည့်ပုံစံ လေ့ကျင့်ခဲ့ကြသည်။ ယင်းအခြေအနေကို တပ်မှူးများက ကွန်ပျူတာများအသုံးပြု၍ တပ်ဖွဲ့ဝင်များကို တိုက်ရိုက်ညွှန်ကြားကာ တုံ့ပြန်ခဲ့ကြသည်။

နှစ်ဖက်တပ်ဖွဲ့များသည် သမားရိုးကျ ကုန်းမြေ၊ ပင်လယ်၊ လေထုနယ်မြေများကို ကျော်လွန်၍ ၎င်းတို့အနေဖြင့် အတူတကွ မည်သို့ အလုပ်လုပ်သင့်သည်ကို ဆုံးဖြတ်မည်ဖြစ်သည်။ နှစ်ဖက်တပ်ဖွဲ့များသည် ဆက်သွယ်ညွှန်ကြားမှုကို အနှောင့်အယှက်ပေးသည့် ဆိုက်ဘာနှင့် လျှပ်စစ်သံလိုက်လှိုင်း အသုံးပြုတိုက်ခိုက်မှုတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက်လည်း လေ့ကျင့်မှု ပြုလုပ်ခဲ့ကြသည်။

သမားရိုးကျနယ်ပယ်နှင့်နယ်ပယ်သစ်များတွင်နှစ်ဖက်တပ်ဖွဲ့၏စွမ်းဆောင်ရည်များကို ပေါင်းစပ်ခြင်းဖြင့် ဂျပန်နှင့်အမေရိကန်တပ်ဖွဲ့တို့သည် ၎င်းတို့၏မဟာမိတ်ပြုမှုကို ပိုမိုထိရောက်အကျိုးရှိစေရန်အတွက် ယခုစစ်ရေးလေ့ကျင့်မှုသည် အရေးပါကြောင်း ဂျပန်ကာကွယ်ရေးတပ်မဗိုလ်မှူးချုပ် တာကာယူကီအိုနိုဇူကာက သတင်းထောက်များကို ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ်ဂယ်ရီဗောလ်စကီးက ဒေသပတ်ဝန်းကျင်ရှုပ်ထွေးမှုအခြေအနေကို ကိုးကား၍ ဂျပန်တပ်ဖွဲ့နှင့် အပြန်အလှန်စစ်ဆင်ရေးလေ့ကျင့်မှု တိုးတက်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ဇော်လင်း**

# မီးတောင်ပေါက်ကွဲမှုကြောင့် နယူးဇီလန်၌ လူ ငါးဦးထက်မနည်းသေဆုံး၊ ခရီးသည်များပိတ်မိ

**ဝယ်လင်တန် ဒီဇင်ဘာ ၉**

နယူးဇီလန်နိုင်ငံ ဝှိုက်လန်းကျွန်းစုပေါ်တွင် ယနေ့ ဒေသစံတော်ချိန် ၂ နာရီ ၁၁ မိနစ်ခန့်က မီးတောင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကာ ၁၀ ဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အလွန်အန္တရာယ်ရှိသောကြောင့် သေဆုံးသူဦးရေလည်း နောက်ထပ် တိုးလာဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နယူးဇီလန် ကာကွယ်ရေးတပ်ဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အကူအညီပေးရန် တပ်ဖွဲ့ဝင်များနှင့်အတူ ကယ်ဆယ်ရေးလေယာဉ်တစ်စင်း၊ ရဟတ်ယာဉ်နှစ်စင်းနှင့် ရေတပ်သင်္ဘောတစ်စင်းတို့ကို အခင်းဖြစ်ပွားသည့်နေရာသို့ စေလွှတ်ထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုမတိုင်မီ အဆိုပါကျွန်းပေါ်သို့ လူများရောက်ရှိနေသည်ကို သိရှိခဲ့ရပြီး ၎င်းတို့၏ အသက်ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်ခဲ့ရကြောင်း နိုင်ငံ၏ ဘူမိအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်စင်တာတစ်ခုဖြစ်သည့် GeoNet က ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်တွင် ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုဖြစ်ပွားစဉ်က နိုင်ငံခြားသားများအပါအဝင် လူ ၁၀၀ ခန့်သည် အဆိုပါ ကျွန်းပေါ် သို့မဟုတ် ကျွန်းအနီးအနားတွင် ရှိနေကြပြီး ၎င်းတို့အနက် တချို့သည် ယခုအထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒါန်၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ကမ်းခြေသို့ ပို့ဆောင်ထားကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

အပျော်စီးသင်္ဘောတစ်စင်းမှ ခရီးသည်အုပ်စုတစ်စုသည် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားစဉ် ဝှိုက်လန်းကျွန်းပေါ်တွင် ရောက်ရှိနေကြပြီးနောက်ထပ်သတင်းအချက်အလက်များကို စောင့်မျှော်လျက်ရှိကြောင်း နယူးဇီလန် အပျော်စီးသင်္ဘောအဖွဲ့က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။



မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာတွင် ရှိနေကြသော လူများသည် မျက်ရည်များနှင့်အတူ အချင်းချင်းဖက်ပြီး အော်ဟစ်နေကြကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**


# တန်ဇန်းနီးယားတွင် တောရိုင်းတိရစ္ဆာန်များကြောင့် တစ်နှစ်အတွင်း လူပေါင်း ၉၆ ဦး သေဆုံး

**ဒိုဒိုမာ ဒီဇင်ဘာ ၉**

တန်ဇန်းနီးယားတွင် တောရိုင်းတိရစ္ဆာန်များက စိုက်ပျိုးမွေးမြူရေးခြံများနှင့် လူနေရပ်ကွက်များသို့ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ တစ်နှစ်တာကာလအတွင်း အနည်းဆုံးလူပေါင်း ၉၆ ဦး သေဆုံးပြီး ၉၀ ဒဏ်ရာရရှိခဲ့ကြောင်း တန်ဇန်းနီးယားထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

တောရိုင်းတိရစ္ဆာန်များကြောင့် သေဆုံးဒဏ်ရာရရှိခဲ့သည့် လူဦးရေအများအပြားမှာ ပြီးခဲ့သည့်နှစ်က သေဆုံးဒဏ်ရာရရှိမှုနှင့် နှိုင်းယှဉ်ပါက တိုးလာကြောင်း တန်ဇန်းနီးယားသဘာဝသယံဇာတနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် အဒေါ့ဖ်အမ်ကင်ဒါက ပြောကြားခဲ့သည်။

တန်ဇန်းနီးယားနိုင်ငံတစ်ဝန်းတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ ခုနှစ်



ဇူလိုင်လအထိ တစ်နှစ်တာကာလအတွင်း တောရိုင်းတိရစ္ဆာန်များကြောင့် လူ ၂၉ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လူသား-တောရိုင်းတိရစ္ဆာန် ပဋိပက္ခထိန်းချုပ်ရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးရန် ကျင်းပသည့် အစည်းအဝေးတစ်ရပ်တွင် အမ်ကင်ဒါက ပြောကြားခဲ့သည်။

တောရိုင်းတိရစ္ဆာန်များသည် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း စိုက်ပျိုးသီးနှံ ဟက်တာ ၆၃၇ ဟက်တာကို ဖျက်ဆီးခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း စိုက်ပျိုးသီးနှံ ဟက်တာ ၁၃၆၄၄ ဟက်တာကို ဖျက်ဆီးခဲ့ကြောင်းနှင့် လူအများအပြားကို သေဆုံးစေခဲ့သည့်တိရစ္ဆာန်များမှာ ဆင်၊ ခြင်္သေ့၊ ရေမြင်းနှင့် မိကျောင်းများဖြစ်ကြောင်း အမ်ကင်ဒါက ပြောကြားခဲ့သည်။

သေဆုံးသူအများစုမှာ လူနေရပ်ကွက်များအတွင်းသို့ ဝင်ရောက်ဖျက်ဆီးသော တိရစ္ဆာန်များကြောင့်ဖြစ်ပြီး အခြားလူများမှာ တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားရာလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောရိုင်းတိရစ္ဆာန်များ ခိုးဖမ်းခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေး အောင်မြင်မှုရခြင်းရလဒ်က ဆင်ကဲ့သို့သော တိရစ္ဆာန်များ အရေအတွက် တိုးလာခဲ့ပြီး လက်ရှိတွင် စိုက်ပျိုးမွေးမြူရေးခြံများနှင့် လူနေရပ်ကွက်များသို့ ဝင်ရောက်ဖျက်ဆီးခြင်းနှင့် ကျေးရွာသူ ကျေးရွာသားများ၏အသက်ကို အဓိကဒဏ်ရာရ သေစေခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း အမ်ကင်ဒါက ပြောကြားခဲ့သည်။

တန်ဇန်းနီးယားအစိုးရကလည်း ဘေးမဲ့တောများနှင့်ကပ်လျက်နေထိုင်ရသည့် ကျေးရွာသူ ကျေးရွာသားများအား တောရိုင်းတိရစ္ဆာန်တို့၏ ရန်ပြုမှုမရှိစေရေး ရည်ရွယ်လျက် စီမံချက်များကို လုပ်ဆောင်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယရဲတစ်ဦးက အထက်အရာရှိကို ပစ်သတ်ပြီးနောက် မိမိကိုယ်ကိုယ် အဆုံးစီရင်မှု ဖြစ်ပွား

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဂျာခန်ပြည်နယ် မြို့တော်ရန်ချီမြို့တွင် တနင်္လာနေ့က ရဲတစ်ယောက်က ၎င်းကိုင်ဆောင်သည့် သေနတ်ဖြင့် အထက်အရာရှိကို ပစ်သတ်ပြီးနောက် သူ့ကိုယ်သူပစ်သတ်အဆုံးစီရင်မှု ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ရွေးကောက်ပွဲတာဝန်ဖြင့် ရန်ချီမြို့သို့ တာဝန်ချထားခြင်းခံရသည့် ချာတစ်စ်ဂါ့တပ်ဖွဲ့ (CAF) မှ ရဲသားတစ်ဦးသည် ယနေ့အစောပိုင်းတွင် ၎င်း၏ အထက်အရာရှိကို ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲအရာရှိသည် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ ထို့နောက် ၎င်းရဲသားသည် သူ့ကိုယ်သူလည်း အဆုံးစီရင်သွားခဲ့ကြောင်း ရန်ချီမြို့မှ ရဲအရာရှိတစ်ဦးက ပြောသည်။ ကနဦးသတင်းအရ တည်းခိုရာစခန်းတွင် ၎င်းတို့နှစ်ဦးအကြား အငြင်းပွားမှု ဖြစ်ပေါ်ခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

ယင်းဖြစ်ရပ်သည် ရွေးကောက်ပွဲတာဝန်ဖြင့် ရဲတပ်ဖွဲ့ဝင်များကို နေရာချထားသည့် ခယ်လ်ဂန်အားကစားရုံအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂျာခန်ပြည်နယ်တွင် ဒေသန္တရရွေးကောက်ပွဲများကို ကျင်းပလျက်ရှိပြီး ရွေးကောက်ပွဲလုပ်ငန်းများကို ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ရန်အတွက် ထောင်ချီသည့်ရဲများနှင့်စစ်ရဲများကို အာဏာပိုင်များကယင်းပြည်နယ်သို့ တာဝန်ချထားသည်။ ယင်းဖြစ်ရပ်တွင် အခြားရဲနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကာ ဆေးရုံသို့ ပို့ဆောင်ထားသည်။ အဆိုပါ ဖြစ်ရပ်ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(CMRS)ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၊ ကျွန်းလှမြို့နယ် မိုင်းဝန်းကြိုးဝိုင်း အကွက်အမှတ်(၁၀၇)အတွင်း တရားမဝင်ကျွန်းသစ် ၅ ဒသမ ၈၂၀ တန်၊ ပျဉ်းကတိုးသစ် ၄ ဒသမ ၉၂၀၀ တန်၊ အင်ကြင်းသစ် ၅ ဒသမ ၀၁၈၀ တန် စုစုပေါင်း ၁၅ ဒသမ ၇၆၀၀ တန်ကို သိမ်းဆည်းရမိခဲ့သည်။

**လပွတ္တာ**

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်ကနုဝကျေးရွာအနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ၊ ဘင်္ဂလားပင်လယ်အော်အတွင်း စက်လှေတစ်စင်းနှင့်အတူ တရားမဝင်ကျွန်း၊ ပိတောက်၊ တမလန်းခွဲသား ၂၃ ဒသမ ၁၁၅၀ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။



**ရေး**

ထို့ပြင် မွန်ပြည်နယ် ရေးမြို့နယ် အဇင်းကျေးရွာတွင် တရားမဝင် ပျဉ်းကတိုးယောင်ခြမ်း ၉ ဒသမ ၈၉၉၈ တန်၊ လုံးပတ် သုံးပေအောက် ပျဉ်းကတိုးသစ် ၀ ဒသမ ၂၇၆၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အာရှလမ်း သဃ်န်းညီနောင် ပူးပေါင်းစစ်ဆေးရေးဂိတ်နေရာ၌ ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင်ထင်းရှူးခွဲသား ၁၀ ဒသမ ၇၀၅၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

**မြဝတီ**

ထို့ပြင် မြဝတီမြို့နယ် အာရှလမ်း သဃ်န်းညီနောင် ပူးပေါင်းစစ်ဆေးရေးဂိတ်နေရာ၌ ယာဉ်ပေါ်မှ တရားမဝင်လိပ်ပါးနီ ၂၈၄၉ ကောင်အား ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၃၉(ဈ)ဖြင့် အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)



ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် မဟာမြိုင်အိမ်ရာ အုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ရာ ဒဂုံ(မြောက်)မြို့မရဲစခန်းမှ ဒုရဲအုပ် ဖုန်းဝေဦး ဟောပြောဆွေးနွေးစဉ်။ ကိုဌေး

# ပုသိမ်ကြီးမြို့နယ်၌ ဆီပီပါအတွင်းသို့ ဆီအတင်အချပြုလုပ်စဉ် မီးလောင်မှုဖြစ်

**မန္တလေး ဒီဇင်ဘာ ၉**

ပုသိမ်ကြီးမြို့နယ် သမသမ္မတောကျေးရွာထိပ်၊ မန္တလေး-ပြင်ဦးလွင်သွားကားလမ်းဘေးရှိ ဦးနေဝင်း(ဦးအုန်းမောင်(ရတနာလင်းဆီဆိုင်)ပိုင်ဆိုင်သည့်ခြံအတွင်း ယာဉ်ပေါ်ရှိ ဆီပီပါအတွင်းသို့ ဆီများ အတင်အချပြုလုပ်ရာမှ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် အလုပ်သမားဖြစ်သူ ကိုအောင်သူ(ခန္ဓာကိုယ်မီးဟပ်/မစိုးရိမ်ရ)နှင့် အောင်ပင်လယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ကိုဖြိုးဝေစိုးတွင် လက်ကွဲဒဏ်ရာရရှိ၍ မန္တလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် ၁၂ ဘီးယာဉ်၊ ဂိုဒေါင်တစ်လုံး၊ အောက်တိန်းဆီပီပါ ၂၅ လုံး၊ ဆီမပါအလွတ် ၇၅ လုံးနှင့် ခြံဘေးရှိ ဦးခင်မောင်မြင့်ပိုင် သုံးထပ်ခွဲ အဆောက်အအုံ၏ ပြတင်းပေါက်မှန်များ ပျက်စီးဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

# မြစ်ကြီးနား၌ လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲ၍ နေအိမ်မီးလောင်

**မြစ်ကြီးနား ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောက်မော်ဖောင်းကျေးရွာ၌ ယနေ့ နံနက်ပိုင်းက နေအိမ်တွင် လူမရှိခိုက် လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်က မြစ်ကြီးနားမြို့နယ် အောက်မော်ဖောင်းကျေးရွာ နယ်မြေ(၃)နေ ဒေါ်ဒေါင်လာမ့်သည် အပြင်သွားစဉ် နေအိမ်တွင် အသုံးပြုသည့် လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းခဲ့၍ သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ် တစ်လုံးနှင့် နေအိမ်နှင့်ယှဉ်လျက် မီးဖိုချောင်တစ်ဆောင် မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာ နေရာသို့ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြှိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ ၅၇ မိနစ်တွင် မီးငြှိမ်းသွားသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်ဒေါင်လာမ့်အား မြစ်ကြီးနားနယ်မြေ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# မူဆယ်မြို့နှင့် မိုင်းပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီက မူဆယ်မြို့ ဈေးရပ်ကွက် အမှတ်(ဈ/၂၁၅)နေ ဒေါ်လီလောက်လာ(ခ)အားရင်၏နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဒေါ်သင်းသင်းမော်အား တွေ့ရှိပြီး အိပ်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀၊ ဘိန်းဖြူ ၄၀ ဂရမ်၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ သည်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် မိုင်းပန်-မိုင်းတုံသွားကားလမ်း တာဆန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းစွမ်ဟန် မောင်းနှင်ပြီး စိုင်းနော်ခမ်း လိုက်ပါလာသည့် MITSUBISHI TRITON အမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၁၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိုင်းစွမ်ဟန်နှင့် စိုင်းနော်ခမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပြင်ဦးလွင်၌ လိုင်စင်မဲ့မော်တော်ယာဉ်မောင်းနှင်သူအား အရေးယူ

**မန္တလေး ဒီဇင်ဘာ ၉**

လိုင်စင်မဲ့မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးအား အမှုဖွင့် အရေးယူထားကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မန္တလေး-လားရှိုးကားလမ်း၌ ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် နောင်ချိုမြို့နယ်မှ ပြင်ဦးလွင်မြို့နယ်သို့ ပူဗဟာဒူး သုံးဆယ်ကျေးရွာ နောင်ချိုမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားသည့် စာရွက်စာတမ်း တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် ပူဗဟာဒူးအား ပိတ်ချင်းမြောင်ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

# ဆိုင်ကယ်နှင့် ယာဉ်တိုက်မိ၊ ဆိုင်ကယ်မောင်းသူ သေဆုံး

**လှည်းကူး ဒီဇင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ဒီဇင်ဘာ ၈ ရက် နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က ဆိုင်ကယ်နှင့်ယာဉ်တိုက်မိကာ ဆိုင်ကယ်မောင်းသူ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ၌ အောင်ကျော်ဦး မောင်းနှင်လာသော ဆိုင်ကယ်နှင့် ရန်ကုန်-ပဲခူးလမ်းအတိုင်း ယာဉ်မောင်းမိုးကျော် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲ တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ အောင်ကျော်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်ဦးအား လှည်းကူးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

# ပြည်ပမှ ဝက်သားနှင့်ဝက်ထွက်ပစ္စည်းများတင်သွင်းခြင်းအား ယာယီပိတ်ထားသင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

အိမ်နီးချင်းနိုင်ငံအချို့တွင် အာဖရိကဝက်အပြင်းဖျားရောဂါနှင့် အခြားဝက်ရောဂါများ ဖြစ်ပွားလျက်ရှိနေသောကြောင့် ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်းကို ယာယီပိတ်ထားသင့်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က ပြောကြားသည်။

အာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားပါက ရာနှုန်းပြည့်သေဆုံးမှုဖြစ်ပွားစေနိုင်ပြီး ဝက်မွေးမြူရေးသမားများအနေဖြင့် ကြီးမားသော ဆုံးရှုံးမှုများနှင့် မလွဲမသွေရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ လက်ရှိအခြေအနေအရ အာဖရိကဝက်အပြင်းဖျားရောဂါကို ကာကွယ်ဖို့နဲ့ ဝက်မွေးသူတွေ ဆုံးရှုံးနစ်နာမှု နည်းနိုင်သမျှနည်းစေဖို့အတွက် ပြည်ပကနေ ဝက်အရှင်နဲ့ ဝက်ထွက်ပစ္စည်းများ တင်သွင်းနေခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ယာယီပိတ်ပင်တားမြစ်ခြင်းတွေ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်" ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က ပြောသည်။

ဝက်မွေးမြူရေးလုပ်ငန်းပိုမိုအောင်မြင်စေရန်အတွက် ပြည်တွင်းဝက်မွေးမြူရေးသမားအများစု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာ၊ ချေးငွေ၊ မြေယာအသုံးချခွင့်၊ ဝက်မျိုးရင်းစစ်ခြံ၊ ဈေးကွက်ခိုင်မာတည်ငြိမ်မှုနှင့် ဝက်မျိုးကောင်းမျိုးသန့်ရရှိရေးကိုပါ ထိထိရောက်ရောက်ကူညီဆောင်ရွက်ပေးသင့်ကြောင်းနှင့် လက်ရှိနိုင်ငံတကာလေဆိပ်များအပါအဝင် နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်များမှတစ်ဆင့် ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများကို တရားမဝင်ဝယ်ယူသယ်ဆောင်ခြင်းများအတွက် ထိရောက်စွာ တားမြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ပွင့်သစ္စာ

# ကျိုတိုမှ ပေးစာများ – ၆

## (ဂျပန်ရုပ်ရှင် အတွေ့အကြုံများ)

■ အောင်အောင် IR

နိုဝင်ဘာလအတွင်းက စာတမ်းကိစ္စများဖြင့် အလုပ်များပြားနေခိုက် ကျိုတိုမြို့ ဂျပန်ဖောင်ဒေးရှင်းမှ သူတို့ စီစဉ်ကျင်းပသော အင်္ဂလိပ်စာတန်းထိုး ဂျပန်ရုပ်ရှင်ပြပွဲသို့ လာရောက်ပါရန် ဖိတ်ကြားလာပါသည်။ ပြပွဲကာလမှာ လေးရက်ဖြစ်ပြီး တစ်ရက် တစ်ကားနှုန်းဖြင့် ဂျပန်ရုပ်ရှင်ကားလေးကား ပြသမည် ဖြစ်သည်။

ပြပွဲမှာ အခမဲ့ဖြစ်ပြီး ကျိုတိုနိုင်ငံတကာ အသင်းတိုက် (Kyoto International Community House) တွင် ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ အသင်းတိုက်သည် သုံးထပ်အဆောက်အဦဖြစ်ပြီး ဂျပန်ဖောင်ဒေးရှင်း ရုံးခန်းအပါအဝင် အခြားရုံးခန်းများ၊ သင်ကြားဖလှယ်ရေးအခန်းများ၊ အစည်းအဝေးခန်းများ၊ စာကြည့်တိုက်၊ ပြပွဲခန်းမ၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်စသဖြင့် တည်ရှိသည်။

### ပေါင်းကူးဆက်သွယ်

ကျိုတို နိုင်ငံတကာအသင်းတိုက်ကို အတိုကောက် ကိုကိုကာ (kokoka) ဟုလည်း လူသိများပါသည်။ "kokoka" ဟူသော စကားလုံးသည် ဂျပန်စကားစု KOkusai KOryu KAikan ထံမှ ရယူထားသည်ဟု သိရသည်။ ကိုကိုကာအား ၁၉၈၉ ခုနှစ်တွင် ကျိုတိုမြို့ခံများနှင့် နိုင်ငံတကာယဉ်ကျေးမှုများအကြား အပြန်အလှန်ပေါင်းကူး ဆက်သွယ်ပေးသည့်နေရာအဖြစ် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

အဆိုပါ နေရာသို့ မည်သူမဆို ဝင်ထွက်သွားလာနိုင်ပြီး အပြန်အလှန် ယဉ်ကျေးမှုများ ဖလှယ်နိုင်ပါသည်။ အချို့လည်း မိမိမည်သည့်နိုင်ငံမှ ဖြစ်သည်၊ မည်သည့်ဘာသာစကားကို အချိန်ပိုင်း မျှဝေပေးနိုင်သည်၊ မည်သည့် ယဉ်ကျေးမှုကို သိလိုသည်၊ မည်သည့်ကိစ္စများကို ဆွေးနွေးနိုင်သည် စသဖြင့် ကြော်ငြာထားသည်ကို တွေ့ရသည်။ အဆောက်အဦမှာ ကြီးမားလှသည် မဟုတ်သော်လည်း ယဉ်ကျေးမှု၊ ဘာသာစကား စိတ်ဝင်စားသောနိုင်ငံခြားသားများအနေဖြင့် သိထားသင့်သော နေရာတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ကိုကိုကာတွင် အသက် ၃၀နှင့်အောက် နိုင်ငံတကာ ကျောင်းသားများအနေဖြင့် အလုပ်သင် လျှောက်ထားနိုင်ပြီး အနည်းဆုံး တစ်ပတ်သုံးရက်၊ နှစ်လအထက် လုပ်ကိုင်ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။ အလုပ်သင်မှာ လစာမဲ့ဖြစ်ပြီး လစာ၊ လမ်းစရိတ် မည်သည့်ခံစားခွင့်မှ ပေးအပ်မည် မဟုတ်ပါ။ ဂျပန်ဘာသာစကား Test N 1 အောင်မြင်ထားရန်လည်း လိုအပ်ပါသည်။ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်၊ အလုပ်သင် အခွင့်အလမ်းရှာဖွေရန် ခက်ခဲတတ်သဖြင့် ယခုကဲ့သို့ အလုပ်သင် အခွင့်အလမ်းပေးအပ်သော အဖွဲ့အစည်းမျိုးအား သိရှိထားသင့်ပါသည်။

ကိုကိုကာသည် စာရေးသူနေထိုင်သည့် အဆောင်မှ ၁၀ မိနစ်ခန့် လမ်းလျှောက်ရပါသည်။ ရုပ်ရှင်ပြပွဲ လေးရက်တာအတွင်း နောက်ဆုံးနှစ်ရက်တွင် အလုပ်မှစောစောဆင်းပြီး 'Kamome Diner' နှင့် 'Every Day a Good Day' ဟူသော အင်္ဂလိပ်စာတန်းထိုး ဂျပန်ရုပ်ရှင်နှစ်ကား ကြည့်ဖြစ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ကားနှစ်ကားမှာ ဂျပန်ယဉ်ကျေးမှုနှင့် ဆက်စပ်နေသဖြင့် အနည်းငယ် ရေးချင်ပါသည်။ ကိုကိုကာ၏ ပြပွဲခန်းမ (ရုပ်ရှင်ခန်းမ)သည် လူနှစ်ရာခန့် ဆံ့ပြီး တစ်ထပ်ရုပ်ရှင်ခန်းမဖြစ်သည်။ ရုပ်ရှင်ပြသနေချိန်အတွင်း ဓာတ်ပုံ၊ ဗီဒီယို ရိုက်ခွင့်မပြုပါ။ စာရေးသူ ကြည့်ရှုသည့် ရုပ်ရှင်ကားနှစ်ကားလုံး ရုံအပြည့်ဖြစ်ပြီး မြို့ခံ အသက်အရွယ်ကြီးရင့်သူ အများစုဖြစ်သည်ကို သတိပြုမိသည်။ နိုင်ငံခြားသားအချို့လည်း တွေ့ရပါသည်။ ဂျပန်ဖောင်ဒေးရှင်း၏ လူထုဆက်ဆံရေး အားကောင်းမှုကို သတိပြုမိခဲ့သည်။ ရုပ်ရှင်မစမီ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက အနည်းငယ် မိတ်ဆက်စကားပြောကြားပြီး သတ်မှတ်ချိန်အတိအကျ မွန်းလွဲ ၂ နာရီတွင် ရုပ်ရှင်စပြပါသည်။



"Every Day a Good Day" ရုပ်ရှင်ကားမှ ဓာတ်ဝင်ခန်းတစ်ခန်း။

Kamome Diner မှာ ၁၀၂ မိနစ်ကြာမြင့်ပြီး Every Day a Good Day မှာ မိနစ် ၁၀၀ ကြာမြင့်ပါသည်။

### ကြိုးစားဖွင့်လှစ်

'Kamome Diner' ရုပ်ရှင်အတွေ့အကြုံ အကြောင်း အနည်းငယ် ရေးချင်ပါသည်။ Kamome Diner ရုပ်ရှင်ကားသည် ဟာသဓာတ်မြူး ရုပ်ရှင်ကားတစ်ကားဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ဂျပန်ရုပ်ရှင်ဒါရိုက်တာ Naoko Ogigami က ဓာတ်ကား အစအဆုံးကို ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့တော်တွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ဓာတ်လမ်းတွင် Sachie ဟု အမည်ရသော ဂျပန်အမျိုးသမီးတစ်ဦးသည် ဂျပန်ရိုးရာအစားအစာကို ဖင်လန်နိုင်ငံသားများနှင့် နိုင်ငံခြားသားများအား မိတ်ဆက်လိုသဖြင့် ဟယ်လ်ဆင်ကီးမြို့တွင် ဂျပန်စားသောက်ဆိုင် ကြိုးစားဖွင့်လှစ်ပုံကို တင်ဆက်ထားခြင်းဖြစ်သည်။

ဓာတ်ဝင်ခန်းအများစုမှာ သေးငယ်လှသော စားသောက်ဆိုင်အတွင်း ရိုက်ကူးထားခြင်းဖြစ်သော်လည်း ဓာတ်အိမ်ကို မငြီးငွေ့အောင်တည်ဆောက်ကာ ရိုက်ကူးတင်ဆက်ထားသည်။ အဓိက ဂျပန်သရုပ်ဆောင် သုံးဦးသာ ပါဝင်ပြီး ကျန်သူများမှာ ဖင်လန်လူမျိုးများဖြစ်ကြသည်။ ဓာတ်လမ်းတွင် Sachie သည် ဟယ်လ်ဆင်ကီးမြို့တွင် ဂျပန်စားသောက်ဆိုင် တစ်ဆိုင်ကို ဖွင့်လှစ်သည်။ Sachie အဓိက မိတ်ဆက် ရောင်းချလိုသော ဂျပန်အစားအစာမှာ အိုနီဂီရိ (Onigiri) ဟုခေါ်သော ဂျပန်ရိုးရာ ထမင်းဆုပ် အစားအစာ ဖြစ်သည်။ ဆိုင်ဖွင့်ပြီး တစ်လကြာသည်အထိ ၎င်း၏ ဆိုင်သို့ မည်သူမျှ မလာရောက်ကြချေ။ ဆိုင်မှာ လမ်းမတန်း တစ်ခုတွင် ဖွင့်လှစ်ထားသည်ဖြစ်ရာ လမ်းသွားလမ်းလာများက ဆိုင်မှာဖွင့်ထားသည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း လူလုံးဝမရှိသည်ကို ပုံမှန်ဖြတ်သွား၊ ဖြတ်လာများက သတိပြုမိကြသည်။ ဆိုင်ရှေ့ ပလက်ဖောင်းမှ ပုံမှန်ဖြတ်လေ့ရှိသော ဖင်လန်အမျိုးသမီးကြီး သုံးဦး ရှိသည်။ သူတို့သည် ဆိုင်ရှေ့ရောက်လျှင် ဆိုင်အတွင်းသို့ ငေးမောကြည့်ရှုရင်း "ဆိုင်ကဖွင့်သာဖွင့်ထားတယ်၊ လူလုံးဝ မရှိဘူး၊ ရောင်းတဲ့ (ဂျပန်) အမျိုးသမီးကလည်း ပိန်ပိန်ပါးပါးဆိုတော့ ကလေးအစားအစာတွေပဲ ရောင်းတာဖြစ်မယ်" စသဖြင့် တီးတိုးလှောင်ပြောင်ကြသည်။

Sachie သည် အဆိုပါ တီးတိုးဝေဖန်မှုများကို သတိပြုမိသော်လည်း စိတ်မလျှော့ဘဲ ဆိုင်ဖွင့်မြဲဆက်ဖွင့်သည်။ တစ်နေ့တွင် ဂျပန်ရိုးရာယဉ်ကျေးမှုကို နှစ်သက်သော ဖင်လန်လူငယ်တစ်ယောက် ဆိုင်သို့ရောက်ရှိကာ ကော်ဖီမှာယူ သောက်သုံးလေသည်။ ထိုသူသည် ဆိုင်၏ ပထမဆုံးလာရောက်သူဖြစ်သဖြင့် ကော်ဖီခမယူဘဲ ဧည့်ခံလိုက်သည်။ ထိုလူငယ်သည်သာ ဆိုင်သို့ ပုံမှန်လာရောက်သော တစ်ဦးတည်းသော ဖောက်သည်ဖြစ်လေသည်။ တစ်နေ့ Sachie သည် ဖင်လန်နိုင်ငံသို့ လာရောက်လည်ပတ်ရင်း အနာဂတ် ရည်ရွယ်ချက် ပျောက်ဆုံးနေသော Midori ဟု ခေါ်သော ဂျပန်အမျိုးသမီးတစ်ဦးနှင့် စာအုပ်ဆိုင်တစ်ဆိုင်တွင် မိတ်ဆွေဖြစ်သည်။ Sachie သိလိုသည့် အချို့ကို Midori က ကူညီဖြေဆိုသဖြင့် Sachie က သူ့အိမ်သို့ ညစာစားရန်နှင့် ညအိမ်အလည်လာရန် ဖိတ်ကြားသည်။ သို့နှင့် Sachie နှင့် Midori တို့ ပိုမိုရင်းနှီးသွားကာ Midori သည် Sachie အိမ်တွင် ဆက်လက်နေရင်း ဆိုင်တွင်လည်း လုပ်အားခမယူဘဲ ဝင်ရောက် ကူညီလုပ်ကိုင်လေသည်။

Midori သည် Sachie အား ဂျပန်ရိုးရာ အစားအစာတွင် ဖင်လန်လူမျိုးတို့ အကြိုက်တွေ့နိုင်မည့် အမျိုးအမည်များ ထည့်သွင်းပေါင်းစပ်ရန် အကြံပြုသည်။ အိုနီဂီရိအား ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ဝိုင်းဝန်းကြံဆဖန်တီးကြသည်။ တဖြည်းဖြည်းနှင့် သူ၏ ဆိုင်တွင် ဧည့်ပိုကျလာလေသည်။ ဂျပန်အမျိုးသမီးတစ်ဦးဖြစ်သော Masako သည် ဟယ်လ်ဆင်ကီးသို့ လာရောက်လည်ပတ်လေသည်။ သို့သော် Masako၏ ခရီးဆောင်အိတ်မှာ လေဆိပ်တွင် ပျောက်ဆုံးသွားသည်။ သို့ဖြင့် ဟယ်လ်ဆင်ကီးတွင် သောင်တင်နေသည်။

နောက်ဆုံး Sachie ၏ ဆိုင်တွင် စားသောက်ရင်း အမျိုးသမီးများအချင်းချင်း ရင်းနှီးကာ Masako သည်လည်း Sachie ၏ ဆိုင်တွင် ကူညီလုပ်ကိုင်လေသည်။ အစားအသောက်မျိုးစုံ ကြံဆချက်ပြုတ်ကြသည်။ နောက်ဆုံး ဆိုင်အပြင် ပလက်ဖောင်းတွင် လူသူကင်းမဲ့နေသော ဆိုင်အတွင်း ငေးကြည့်ကာ အတင်းပြောလေ့ရှိသော ဖင်လန်အမျိုးသမီးကြီးသုံးဦးသည်လည်း ဂျပန်စားသောက်ဆိုင်၏ ပုံမှန်ဖောက်သည်များ ဖြစ်လာလေသည်။ နောက်ဆုံး ဟယ်လ်ဆင်ကီးရှိ Sachie ၏ ဂျပန်စားသောက်ဆိုင်သည် လူများ ပြည့်ကျပ်သည်အထိ အောင်မြင်ပြီး နိုင်ငံခြားသားများသည် ဂျပန်ရိုးရာ ထမင်းဆုပ် အိုနီဂီရိကိုလည်း နှစ်ခြိုက်စွာ စားသုံးကြလေသည်။ ဓာတ်လမ်းကား ဤတွင်ပြီးဆုံး၏။

အဆိုပါ ဂျပန်ဓာတ်ကားသည် ၂၀၀၇ ခုနှစ်တွင် ပြုလုပ်သော (၂၈)ကြိမ်မြောက် ယိုကိုဟားမား ရုပ်ရှင်ပွဲတော်၌အကောင်းဆုံး ရုပ်ရှင် ၁၀ ကား ရွေးချယ်သည့်အထဲတွင် ငါးခုမြောက် အကောင်းဆုံးကားအဖြစ် သတ်မှတ်ခြင်းခံရသည်။ အဆိုပါ ရုပ်ရှင်ကို ဟယ်လ်ဆင်ကီးမြို့တော် မြို့တွင်းပိုင်း ဖင်လန်ကော်ဖီဆိုင် တစ်ခုတွင် ရိုက်ကူးခဲ့သည်ဖြစ်ရာ ယခုတိုင် အဆိုပါ ဆိုင်နေရာသည် ဖင်လန်နိုင်ငံသို့ သွားရောက်လည်ပတ်ကြသော ဂျပန်ကမ္ဘာလှည့်ခရီးသွားများအကြား ဆွဲဆောင်ရာ နေရာတစ်ခုအဖြစ် လူသိများလေသည်။ စာရေးသူသည် ဟယ်လ်ဆင်ကီးသို့ ၂၀၁၂ ခုနှစ်တွင် ရောက်ရှိလည်ပတ်ခဲ့ဖူးသဖြင့် ရုပ်ရှင်ဓာတ်ကွက်တွင် ပါရှိသော ဟယ်လ်ဆင်ကီး မြို့တော်ပုံရိပ်အချို့မှာ ရောက်ခဲ့လှသော ဖင်လန်နိုင်ငံအတွေ့အကြုံများအား များစွာသတိရအောက်မေ့စေပါသည်။




ကျိုတိုနိုင်ငံတကာအသင်းတိုက်(ကိုကိုကာ)အဆောက်အဦ၏အတွင်းပိုင်းအား မြင်တွေ့ရစဉ်။

နောက်ထပ်ကြည့်ဖြစ်သော အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဓာတ်ကားမှာ 'Every Day a Good Day' ဖြစ်သည်။ အဆိုပါဓာတ်ကားကို ၂၀၁၈ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ဂျပန်လက်ဖက်ရည်တည်ခင်းပုံ ယဉ်ကျေးမှု (The Japanese tea ceremony) အား အသားပေးတင်ဆက်ထားခြင်းဖြစ်သည်။

ဓာတ်လမ်းတွင် Noriko အမည်ရှိ ဂျပန် တက္ကသိုလ်ကျောင်းသူလေးတစ်ဦးသည် ၎င်း၏ အမေ တိုက်တွန်းသဖြင့် သူ၏ညီမဝမ်းကွဲဖြစ်သူ Michiko နှင့်အတူ ဆရာမကြီး Takeda ထံတွင် ဂျပန်ရိုးရာလက်ဖက်ရည် ပြုလုပ်ပုံကို သင်ယူလေသည်။ ဓာတ်လမ်းတွင် တက္ကသိုလ် ကျောင်းသူလေးများ ဂျပန်ရိုးရာ လက်ဖက်ရည်ဝိုင်း သင်ယူစဉ်ကာလ အခက်အခဲများနှင့် ကြိုးစားလေ့လာပုံများကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

### အကောင်းဆုံးဖြစ်

ထိုင်ပုံ ထိုင်နည်း၊ သုံးဆောင်ပုံ သုံးဆောင်နည်း၊ ရေနွေးထည့်ပုံ ထည့်နည်း၊ လက်ဖက်ခြောက်စိမ်းအမှုန့် မွှေပုံမွှေနည်း၊ ရေနွေးကြမ်းခွက်အား သုတ်သင်ရာတွင် အသုံးပြုသည့် အဝတ်စငယ်ခေါက်ပုံခေါက်နည်း စသဖြင့် အသေးစိတ်အား ကိုယ်တိုင် ဝင်ရောက်သင်ယူနေသည့်အလား ခံစားကြည့်ရှုရသည်။ ဆရာမကြီးက သင်တန်းသူအား ရေနွေးအိုးကြီးမှ ရေနွေးအား လက်ဖက်ခြောက် အစိမ်းမှုန့်ခွက်အတွင်းသို့ ဂျပန်ရိုးရာ လက်ကိုင်အရှည် ဝါးယောက်ချိုဖြင့် ခပ်ထည့်ရာတွင် အပေါ်မှ ရေနွေးအား မယူဘဲ အိုးအောက်ခြေမှ ရေနွေးအားယူရန်၊ အိုးအောက်ခြေရှိ ရေနွေးသည် အပူဆုံးဖြစ်သည်၊ အကောင်းဆုံးဖြစ်သည် စသဖြင့် သွန်သင်ဆုံးမနေသည်များမှာ များစွာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဓာတ်လမ်းအတွင်း ဂျပန်ကျောင်းသူလေး နှစ်ယောက်၏ ဘဝအပေါ် ရှုမြင်ပုံများနှင့် မိသားစု ဆက်ဆံရေးအခြေအနေများ၊ လက်ဖက်ရည်တည်ခင်းမှုအား ဆရာမကြီးထံတွင် အပတ်စဉ်၊ လစဉ် နှစ်ပေါင်းများစွာ လေ့လာရင်း ကျွမ်းကျင်လာသော Noriko အား ဆရာမကြီးက သင်တန်းအား ဆက်မတက်စေတော့ဘဲ ဂျပန်ရိုးရာလက်ဖက်ရည်တည်ခင်းမှု ဆရာမအဖြစ် ကိုယ်တိုင်လုပ်ဆောင်ကာ စိတ်ဝင်စားသူများအား ဆက်လက်သင်ပြပေးရန် ပြောကြားပြီး **"သင်ကြားနေစဉ်မှာ သင်ယူနေရတာ ဖြစ်တယ်"** ဟု ဓာတ်လမ်းအဆုံးသတ်တွင် ပြောကြားသည့် စကားမှာ များစွာ မှတ်သားဖွယ်ဖြစ်သည်။

စာမျက်နှာ ၁၆ သို့ ✳



"Kamome Diner" ရုပ်ရှင်ကားမှ ဓာတ်ဝင်ခန်းတစ်ခန်း။

## မန္တလာဒီဂရီကောလိပ် အမရဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလာဒီဂရီကောလိပ်၌ အမရဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲ၊ စာသင်နှစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက အဆိုပါဒီဂရီကောလိပ်ရှိ အမရဆောင်၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က တိုးတက်များပြားလာသော ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်းလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံရဲ့ အနာဂတ်တောက်ပဖို့၊ လှပဖို့ဖြစ်တယ်ဆိုတဲ့ခံယူချက်နှင့်အညီ ပညာရေးကို ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရကြောင်း၊ ကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးရမည် ဆောင်ပုဒ်နှင့်အညီ ကလေးများကို ပြုစုပျိုးထောင်ပြီး တည်ဆောက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျောင်းအုပ်ကြီးနှင့် တက်ရောက်လာသူများက ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ရေ၊ မီး အပါအဝင် (၂၁၆ ပေ x ၃၈ပေx ၃၆ ပေ)ရှိ သံကူကွန်ကရစ်အမျိုးအစား သုံးထပ် အဆောက်အအုံဖြစ်ပြီး အစည်းအဝေးခန်းမ အပါအဝင် စာသင်ခန်း ၁၈ ခန်း၊ ကျောင်းသားကျောင်းသူ ၁၂၀၀ တို့ ပညာသင်ယူနိုင်မည်ဖြစ်သည်။

ဆက်လက်၍မန္တလာဒီဂရီကောလိပ် (၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် (၄)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ဘာသာရပ်ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် သုတေသနစာတမ်းရှင်များက ဝိဇ္ဇာဘာသာရပ် သုတေသနစာတမ်း ၁၀ စောင်၊ သိပ္ပံဘာသာရပ် သုတေသနစာတမ်း ၂၆ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဟားခါးမြို့၌ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၉**

တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အထောက်အကူပြုစေရေး၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များနှင့် ပတ်သက်သည့် မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ချင်းပြည်နယ် ဟားခါးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

ပြည်နယ် တရားရေးဦးစီးမှူး ဦးအောင်သိန်းက အမှုခင်းများကို စစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် မှုခင်းစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး၊ နှစ်ဖက်အမှုသည်၏ ရှေ့နေများကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေရေး၊ အများပြည်သူယုံကြည်မှုတိုးပွားလာစေရေးတို့အတွက် နိုင်ငံတစ်ဝန်း ဆောင်ရွက်မည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ဟားခါးခရိုင် တရားသူကြီး ဦးသန်းအောင်က ရာဇဝတ်မှု၊ တရားမမှုများစီမံခန့်ခွဲရာတွင် မှုခင်းအလိုက် ဆောင်ရွက်ရမည့် စံသတ်မှတ်ကာလများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**မြင့်နိုင်စိုး(ပြန်/ဆက်)**

**✻ စာမျက်နှာ ၁၅ မှ**

ထို့အပြင် ဇာတ်လမ်းအတွင်း အပြန်အလှန်ပြောကြသည့် ဇာတ်ဝင်ခန်းများဖြစ်သော ဆရာမကြီးက Noriko အား **"နေ့စဉ် လက်ဖက်ရည်ကြမ်းပြုလုပ်တယ်ဆိုတာ ထူးခြားလှတယ်မဟုတ်ပါဘူး။ ဒါပေမယ့် တစ်နေ့နဲ့တစ်နေ့ ဆိုတာတော့ မတူနိုင်ဘူး။ နေ့ရက်တိုင်းမှာ ပိုကောင်းမွန်အောင် လုပ်ဆောင်ပါ"** နှင့် **"နေ့ရက်တိုင်းဟာ အရေးကြီးတယ်။ အခွင့်အလမ်းတွေဟာ နေ့ရက်တိုင်းမှာရှိနေတတ်တယ်။ ရအောင်ရှာပါ။ ရအောင်ဆုပ်ကိုင်ပါ"** ဟူသော စကားစုတို့ကို ဆိုရှယ်မီဒီယာတွင် ဇာတ်ကားကြည့်ရှုသူများက မျှဝေချီးကျူးခဲ့ကြသည်။

ဖခင်သေဆုံးချိန်တွင် ဖခင်ကြီးအနီးတွင် မရှိဘဲ တာဝန်မကျေခဲ့ဟု ခံစားစိတ်ဖြင့် ပြန်လည်စဉ်းစား စိတ်ထိခိုက်နေသော Noriko အား ဆရာမကြီးက **"ရှင်သန်နေထိုင်နေတဲ့ နေ့စဉ် နေ့ရက်တွေကို ဒီနေ့ဟာ ငါ့ရဲ့ နောက်ဆုံးနေ့ပါလားလို့ ခံစားအာရုံပြု ကျင့်လုပ်ပါ။ သတိယှဉ် အမြဲကြိုးစားပါ။ အတိတ်ကို သိပ်ပြန်မလှန်မိစေနဲ့"** ဟူသော စကားစုနှင့် **"ဒီနေ့ သမီးတွေ့ရတဲ့ လူတစ်ယောက်ဟာ နောက်တစ်ကြိမ် သမီးနဲ့ ဘယ်သောအခါမှ ပြန်တွေ့ချင်မှတွေ့တော့မယ်"** ဟူသော စကားစုတို့မှာ များစွာအဓိပ္ပာယ်လေးနက်လှပါသည်။

ထို့အပြင် ဆရာမကြီး၏ လက်ဖက်ရည်ဝိုင်းသင်တန်းခြံဝင်းအတွင်း သစ်ပင်၊ သစ်ရွက်များအပေါ် မိုးရွာသွန်းချိန် မိုးရည်များ တစ်ပေါက်ပေါက် ကျဆင်းနေပုံနှင့် ဆရာမကြီးမှ သင်ကြားပြသစဉ်အတွင်း ရေနွေးများကို ဝါးယောက်ချိုခွက်ဖြင့်ခပ်ယူပြီး ရေနွေးကြမ်းခွက်အတွင်း လောင်းထည့်နေသည့် ပြကွက်များမှာ ဇာတ်လမ်းပြီးဆုံးသည့်တိုင် ကြည့်ရှုသူများ မျက်စိဝယ် စွဲထင်ကျန်ခဲ့ပါသည်။ အဆိုပါ ဇာတ်ကားသည် ဂျပန်မီဒီယာများ၏ ချီးမွမ်းမှုကိုခံရပြီး The South China Morning Post ကဲ့သို့ ဂျပန်နိုင်ငံပြင်ပ သတင်းစာကြီးများတွင်ပါ ထည့်သွင်းဖော်ပြခြင်းခံရသည်။

**စကားဝိုင်းဖွဲ့**

'Kamome Diner' ရုပ်ရှင်ကြည့်ရှုပြီးနောက် စာရေးသူအပါအဝင် ကျိုတိုနယ်မြေအတွင်း The Japan Foundation ၏ ထောက်ပံ့ကြေးဖြင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်နေသော ရုရှား၊ တရုတ်၊ ဘရာဇီး၊ လတ်ဗီးယားတို့မှ ဧည့်သုတေသီ ငါးဦးတို့ တတိယထပ်ရှိ The Japan Foundation ရုံးခန်းတွင် ဖောင်ဒေးရှင်းတာဝန်ရှိသူများနှင့် အလွတ်သဘာ တွေ့ဆုံမိတ်ဆက် စကားဝိုင်းဖွဲ့ကြပါသည်။ စကားဝိုင်းပြီးနောက် စာရေးသူတို့ သုတေသီ ငါးဦးသားနောက်တစ်ခေါက် ညစာအတူစားသောက်ကြရန် ချိန်းဆိုပြီး လူစုခွဲကြပါသည်။ အဆောင်ပြန်ရောက်ပြီး ကိုယ်ပိုင်စာတိုက်ပုံးစစ်တော့ နောက်ထပ် The Makioka Sisters (Sasameyuki) ဟူသော နာမည်ကျော် ဂျပန်ရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာလတွင် လာရောက်ကြည့်ရှုပါရန် The Japan Foundation မှ ဖိတ်ကြားထားသော စာတစ်စောင် ရောက်ရှိနေပါသည်။

ရုပ်ရှင်ကြည့်လေ့မရှိသော စာရေးသူ၏ စိတ်အာရုံ တစ်စိတ်တစ်ပိုင်းအား 'Kamome Diner' နှင့် 'Every Day a Good Day' ဂျပန် ရုပ်ရှင်ဇာတ်ကားနှစ်ကားက ချင်းနင်း သိမ်းပိုက်ခဲ့ပြီဖြစ်လေရာ မဆိုင်းမတွပင် The Makioka Sisters ရုပ်ရှင်ဇာတ်ကားအား လာရောက်ကြည့်ရှုမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းသို့ အီးမေးလ်မှ တစ်ဆင့် အကြောင်းပြန်ကြားလိုက်ပါတော့သည်။ ။

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### ရေးသူ/ဖတ်သူ စာဖတ်ဝိုင်း ကျင်းပမည်

စာရေးဆရာ သိုက်ထွန်းသက်၏ ရောက်မလာသေးတဲ့နွေဦး စာအုပ်ဖြင့် ရေးသူ/ဖတ်သူ အပြန်အလှန်ဆွေးနွေးသည့် စာဖတ်ဝိုင်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အစားအသောက်ဆိုင်ရာဘေးကင်းရေး အသိပညာပေးမည်

အစားအသောက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာလေးလွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျင်းပမည်

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

အထက်မြန်မာပြည်တာဝန်ခံဥက္ကဋ္ဌဖလား မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ-တရုတ် ချစ်ကြည်ရေး ပိုက်ကျော်ခြင်းကစားမည်

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် ပိုက်ကျော်ခြင်းကစားပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာခရီးသွားပြပွဲ ကျင်းပမည်

နိုင်ငံတကာခရီးသွားပြပွဲ (Mandalay Travel Fair 2019) ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ မိုးလုံလေလုံအားကစားခန်းမတွင် ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေ့စဉ် နံနက် ၉ ရက်မှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာ စိတ်တွက်သင်္ချာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

မြန်မာ-စိန်မေ့ ပညာရေးဌာန၏ နိုင်ငံတကာ ပေသီးစိတ်တွက်သင်္ချာပြိုင်ပွဲကို မန္တလေးမြို့ ၅၃ လမ်းနှင့် ၃၇လမ်းထောင့်ရှိ MCTA International School ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာပညာရေးပြပွဲကျင်းပမည်

နိုင်ငံတကာတက္ကသိုလ်ကျောင်းပေါင်းစုံပါဝင်သည့် ပညာရေးပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Hilton Hotel ၌ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဒီဇင်ဘာ ၉ ရက်က လသာမြို့နယ် အမှတ်(၈) ရပ်ကွက် ၂၄ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင် ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံ၍ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် မှုခင်းအသိပေး ဟောပြောစဉ်။ ကြေးမုံ

# ဆီးဂိမ်းဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် နေသွေးဦး ရှုံးနိမ့်

**မနီလာ ဒီဇင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်နေသည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မနီလာ ဟိုတယ်၌ကျင်းပရာ မြန်မာကစားသမား နေသွေးဦး ရှုံးပွဲကြုံတွေ့ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဗိုလ်လုပွဲတွင် နေသွေးဦးသည် ပီတာဂေးလ်ခရစ် (စင်ကာပူ)နှင့် တွေ့ဆုံခဲ့ပြီး သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ ပီတာဂေးလ်ခရစ်သည် ဆီးဂိမ်းဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ခြောက်ကြိမ်ဆက်တိုက် ရွှေတံဆိပ် ရယူနိုင်ခဲ့သည်။ နေသွေးဦးသည် ရွှေတံဆိပ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သောကြောင့်



ငွေတံဆိပ်ရခဲ့သည့် နေသွေးဦး

ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပီတာဂေးလ်ခရစ်သည် နေသွေးဦးကို ၁၀၀-၆၁ မှတ်၊ ၁၀၀-၄၃ မှတ်၊ ၁၀၀-၅၁ မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရခဲ့သည်။ နေသွေးဦးသည် ဆီးဂိမ်း ဗိုလ်လုပွဲအဆင့်တွင် ပီတာဂေးလ်ခရစ်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်က တွေ့ဆုံရာတွင်လည်း ပီတာဂေးလ်ခရစ်ကပင် အနိုင်ရရှိခဲ့သည်။

Pool 9 Ball အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲများကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မြန်မာကစားသမား ဖုန်းမြင့်ကျော် (ခ) မောင်မောင်သည် ဗီယက်နမ်ကစားသမားကို (၉-၇) ပွဲဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အနိုင်ရပါက ဗိုလ်လုပွဲကို ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**

## အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

| နိုင်ငံ | ဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|
| | ရွှေ | ငွေ | ကြေး | |
| ဖိလစ်ပိုင် | ၁၃၅ | ၁၀၂ | ၁၀၆ | ၃၄၃ |
| ထိုင်း | ၈၄ | ၉၀ | ၁၀၁ | ၂၇၅ |
| ဗီယက်နမ် | ၇၉ | ၇၈ | ၉၃ | ၂၅၀ |
| အင်ဒိုနီးရှား | ၆၉ | ၇၆ | ၁၀၂ | ၂၄၇ |
| မလေးရှား | ၅၁ | ၅၂ | ၆၇ | ၁၇၀ |
| စင်ကာပူ | ၅၀ | ၄၂ | ၅၉ | ၁၅၁ |
| ကမ္ဘောဒီးယား | ၄ | ၆ | ၃၁ | ၄၁ |
| မြန်မာ | ၃ | ၁၈ | ၄၈ | ၆၉ |
| ဘရူနိုင်း | ၂ | ၅ | ၆ | ၁၃ |
| လာအို | ၀ | ၅ | ၂၃ | ၂၈ |
| တီမောလက်စ်တေ | ၀ | ၁ | ၅ | ၆ |

**❃ ကျောဖုံးမှ**

ဗိုလ်လုပွဲပွဲစဉ်တွင် မြန်မာမှ နွယ်နီဦးသည် အိမ်ရှင်ဖိလစ်ပိုင်ကစားသမားအား ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။

ဆက်လက်၍ New Clark City Aquatics Center (Clark)တွင် ကျင်းပသော ရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၅၀ Free Style ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာမှ ဝင်းထွဋ်ဦးက အဆင့်(၄) နေရာ၊ အမျိုးသမီး မီတာ ၁၀၀ Heat ပြိုင်ပွဲတွင် နန်းဟန်နီဦးက အဆင့်ခုနစ်နေရာသာ ရရှိခဲ့သည်။

ဆက်လက်၍ New Clark Athletics Stadium တွင် ကျင်းပသည့် အမျိုးသား ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာမှ မိုင်းညီညီမိုးက ကြေးတံဆိပ်တစ်ခုနှင့် ပြည့်ဖြိုးထွန်းက အဆင့်လေးနေရာ၊ အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲပွဲစဉ်တွင် မြန်မာမှ ရွှေလီမြင့်က အဆင့်(၆) နေရာ၊ သီသီမွန်က အဆင့် (၇) နေရာနှင့် အမျိုးသား ၁၀ မျိုးစုံ ပြိုင်ပွဲတွင် မြန်မာမှ ပိုင်ကိုဝင်းက အဆင့် (၇) နေရာကို ရရှိခဲ့သည်။

ဆက်လက်၍ SCC Angeleles University Foundation ၌ ကျင်းပသည့် နပန်းပြိုင်ပွဲ အမျိုးသား(၅၅)ကီလိုတန်းပြိုင်ပွဲ၌ မြန်မာမှ မျိုးကိုက ထိုင်းအား ၁၅ မှတ် ၇ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းအား ၄ မှတ် ၃ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး အမျိုးသား(၆၀) ကီလိုတန်းပြိုင်ပွဲတွင် မြန်မာမှ ဝဏ္ဏထွန်းက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီး (၅၀)ကီလိုတန်းပြိုင်ပွဲတွင် မြန်မာမှ ကေသီခိုင်က ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။

ဆက်လက်၍ PICC Forum ၌ ကျင်းပသော လက်ဝှေ့အားကစား ပြိုင်ပွဲ အမျိုးသမီး (၅၅)ကီလိုတန်းဗိုလ်လုပွဲပွဲစဉ်တွင် မြန်မာမှနွယ်နီဦးသည် အိမ်ရှင်ဖိလစ်ပိုင်ကစားသမားအား ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်တစ်ခုရရှိခဲ့သည်။

**အား/ကာ**



# အန်ဒီရုဇ်ကိုအနိုင်ရပြီး ဂျိုရှုယာ ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်သိမ်းပိုက်

ဆော်ဒီအာရေဗျမှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲမှာ ဂျိုရှုယာအနေနဲ့ ပြိုင်ဘက်အန်ဒီရုဇ်ကို အနိုင်ရရှိခဲ့တာကြောင့် ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

ဂျိုရှုယာအနေနဲ့ အန်ဒီရုဇ်ကိုအနိုင်ရရှိခဲ့တာကြောင့် နှစ်ကြိမ်မြောက် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့ပြီး ၁၁၈-၁၁၀၊ ၁၁၈-၁၁၀၊ ၁၁၉-၁၀၉ နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဂျိုရှုယာဟာ ကစားသမားဘဝမှာ ၂၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၂၃ ပွဲအနိုင်ရရှိကာ ၂၁ ပွဲက အလဲထိုးနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ၂၄ ပွဲမှာ တစ်ပွဲပဲ ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

အမေရိကန် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အန်ဒီရုဇ်ကတော့ သူ့ရဲ့လက်ဝှေ့သမားဘဝမှာ ၃၅ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ ၃၃ ပွဲအနိုင်ရရှိအောင် ထိုးသတ်နိုင်ခဲ့ပြီး ၂၂ ပွဲကတော့ အလဲထိုးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေထဲမှာ နှစ်ပွဲကတော့ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။

# အင်္ဂလန်အသင်းနဲ့ အီတလီအသင်းချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကစားမည်

အင်္ဂလန်အသင်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအနေနဲ့ လာမယ့်မတ်လအတွင်းမှာ ဝင်ဘလေကွင်းမှာ အီတလီအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ် ကစားမှာဖြစ်တယ်လို့ သိရပါတယ်။

အီတလီအသင်းဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၁၃ မှာရပ်တည်နေပြီးအင်္ဂလန်အသင်းရဲ့အောက် ကိုးဆင့်အကွာမှာရပ်တည်နေတာဖြစ်ပါ တယ်။ အီတလီအသင်းရော အင်္ဂလန်အသင်းပါ ယူရို ၂၀၂၀ ခြေစစ်ပွဲမှာ ရာနှုန်းပြည့်နိုင်ပွဲတွေရရှိပြီး ခြေစစ်ပွဲတက်လှမ်းလာခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းနဲ့ အီတလီအသင်းတို့ရဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို မတ် ၂၇ ရက်မှာယှဉ်ပြိုင်ကစားမှာဖြစ်ပြီး နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းအတွက် ယူရို ၂၀၂၀ ပြိုင်ပွဲမတိုင်မီ ကစားမယ့် လေးပွဲမြောက် ခြေစမ်းပွဲစဉ်လည်းဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ မတ် ၃၁ ရက်တွင် ဝင်ဘလေကွင်းမှာ ဒိန်းမတ်အသင်း၊ ဇွန် ၂ ရက်တွင် ဗီယင်နာကွင်းမှာ ဩစတြီးယားအသင်း၊ ဇွန် ၇ ရက်တွင် ဝင်ဘလေကွင်းမှာ ရိုမေးနီးယားအသင်းတို့နဲ့ အသီးသီး ယှဉ်ပြိုင်ကစားဖို့လည်း ရှိနေတာဖြစ်ပါတယ်။ အင်္ဂလန်အသင်းနဲ့ အီတလီအသင်းတို့ရဲ့ တွေ့ဆုံမှုဟာ ၂၈ ကြိမ်မြောက် တွေ့ဆုံမှုဖြစ်လာမှာဖြစ်ပါတယ်။

# ဥရောပမှာ နည်းပြဘဝပြန်စဖို့ ပိုချက်တီနို ရည်ရွယ်ထားဟုဆို

စပါးအသင်းနည်းပြ ပိုချက်တီနိုဟာ သူ့အနေနဲ့ ဥရောပမှာ နည်းပြဘဝပြန်လည်စတင်ဖို့ ရည်ရွယ်ထားတဲ့အတွက် ကမ်းလှမ်းလာမယ့်အသင်းတွေရဲ့အသံကို နားစွင့်နေတယ်လို့ ပြောကြားလိုက်ပါတယ်။

အသက် ၄၇ နှစ်အရွယ် နည်းပြပိုချက်တီနိုဟာ စပါးအသင်းနဲ့အတူ ငါးနှစ်ခွဲကြာ ဖြတ်သန်းခဲ့ပြီးနောက် ပြီးခဲ့တဲ့လအတွင်းက နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ စပါးအသင်းက ပိုချက်တီနိုနေရာမှာ မော်ရင်ဟိုနဲ့ အစားထိုးခဲ့တာ ဖြစ်ပါတယ်။

နည်းပြဘဝဆက်လုပ်ဖို့ဆိုရင် ကျွန်တော့်အတွက် ကလပ်အသင်းတော်တော်များများရှိပါတယ်။ အဲဒီအချက်ဟာ ဥရောပမှာ နည်းပြဘဝပြန်လည်စတင်ဖို့အတွက် ရည်ရွယ်ချက်တစ်ခုလည်း ဖြစ်ပါတယ်လို့ ပိုချက်တီနိုက အာဂျင်တီးနားအခြေစိုက် Fox Sports သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

ပိုချက်တီနိုဟာ လေးနှစ်ဆက်တိုက် စပါးအသင်းကို ပရီမီယာလိဂ်အဆင့်၄ ဝင်အောင်စွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကဆိုရင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်လှမ်းခွင့်ရအောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်လုပွဲမှာ စပါးအသင်းက လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ အခုရာသီမှာတော့ နည်းပြပိုချက်တီနိုရဲ့လက်ထက်မှာ စပါးအသင်းဟာ ရလဒ်ပိုင်းတွေဆိုးရွားခဲ့ပြီး ပိုချက်တီနိုကို ထုတ်ပယ်လိုက်ချိန်မှာ စပါးအသင်းဟာ ပရီမီယာလိဂ်အဆင့် ၁၄ နေရာကို ရောက်နေခဲ့တာ ဖြစ်ပါတယ်။

စပါးအသင်းကနေ ထုတ်ပယ်လိုက်ပြီးချိန်မှာ မွေးရပ်မြေ အာဂျင်တီးနားနိုင်ငံကို ပြန်သွားခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့မှာ နည်းပြဘဝပြန်စဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။ အာဆင်နယ်အသင်းဟာ နည်းပြအမ်မရီကို ထုတ်ပယ်လိုက်ပြီးနောက် နည်းပြလက်မဲ့ဖြစ်နေတဲ့အပြင် ဘိုင်ယန်မြူးနစ် အသင်းကလည်း နည်းပြနီကိုကိုဗက်အား ထုတ်ပယ်လိုက်ပြီးနောက် ဟန်စီဖလစ်ကို ယာယီနည်းပြအဖြစ် တာဝန်ပေးထားတာဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

# ယခုနှစ်ရဲ့ မယ်စကြာဝဠာအဖြစ် တောင်အာဖရိကမယ်ဆွတ်ခူး

ကမ္ဘာ့အလှမယ်ရွေးချယ်ပွဲကြီးဖြစ်တဲ့ မယ်စကြာဝဠာပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်ကို လတ်တလောပြုလုပ်ခဲ့ရာမှာ ယခုနှစ်အတွက် မယ်စကြာဝဠာအဖြစ် တောင်အာဖရိကကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ အလှမယ် ဇိုဇီဘီနီ တန်ဇီက ဆွတ်ခူးရရှိခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၉ မယ်စကြာဝဠာပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၈ ရက်က ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့မှာ ပြုလုပ်ခဲ့တာပါ။ ဒီပြိုင်ပွဲကြီးရဲ့ နောက်ဆုံးဆန်ခါတင်သုံးဦးအဖြစ် တောင်အာဖရိကအလှမယ်၊ ပေါ်တိုရီကိုအလှမယ်နဲ့ မက္ကဆီကိုအလှမယ်တို့ ရွေးချယ်ခံခဲ့ရပြီး အဲဒီသုံးဦးအနက် အသက် ၂၆ နှစ်အရွယ် တောင်အာဖရိကအလှမယ်က ယခုနှစ်အတွက် သရဖူကို ပိုင်ဆိုင်ခွင့်ရခဲ့တာပါ။ $1^{st}$ Runner Up အဖြစ် ပေါ်တိုရီကိုအလှမယ်၊ $2^{nd}$ Runner Up အဖြစ် မက္ကဆီကိုအလှမယ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

တောင်အာဖရိကအလှမယ်က သူ့အနေနဲ့ ငယ်ရွယ်တဲ့အမျိုးသမီးတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေဖို့ရာ စွမ်းဆောင်သွားမှာဖြစ်ကြောင်းနဲ့ ဒီလိုစွမ်းဆောင်နိုင်ဖို့ရာ လုပ်ပိုင်ခွင့်ရလိုကြောင်း သူ့ရဲ့ အပိတ်စကားပြောကြားတဲ့အချိန်မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် သူ့လို အသားအရောင်၊ ဆံပင်ပုံစံ၊ ရုပ်ရည်မျိုးရှိသူတွေကို လှတယ်လို့ မြင်လေ့မရှိတဲ့ ပတ်ဝန်းကျင်မျိုးမှာ သူဟာ ရှင်သန်ကြီးပြင်းခဲ့ရတာဖြစ်ကြောင်း၊ ယခု အချိန်မှာ သူ့လိုအမျိုးသမီးတွေကို မလှဘူးလို့ ထင်သူတွေရဲ့ အမြင်တွေလည်း အနည်းငယ် ပြောင်းသွားနိုင်မယ်လို့ ထင်မိကြောင်းလည်း ပြိုင်ပွဲအပြီး မီဒီယာများနဲ့တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသားဝတ်စုံဆုကို ဖိလစ်ပိုင်အလှမယ် ဂါဇီနီ ဂါနာဒိုစ်က ဆွတ်ခူးခဲ့ကြောင်း သိရပါတယ်။

**အေးပြည့်**



## သတင်းစုံကဏ္ဍ

### သဘာဝဘေးအသိပညာပေးဟောပြော

**ကွန်ဟိန်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သဘာဝဘေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းအောင်က လျှပ်စစ်အန္တရာယ်အကြောင်းအရာများ၊ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန် သတိထားသင့်သည့်အကြောင်းအရာများ၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးသန့်က မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး ဆောင်ရန်/ရှောင်ရန်အချက်များ၊ ငလျင်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

### ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၈ ရက်က ရေပူစမ်းကျေးရွာ၌ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏သက်ရောက်မှုများကြောင့် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များအကြောင်း၊ ဘေးအန္တရာယ်မဖြစ်ပွားမီ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း ဆောင်ရန်/ရှောင်ရန်များ ဆွေးနွေးဟောပြောခဲ့ပြီး ငလျင်လှုပ်ခတ်နေစဉ် နေထိုင်ရမည့်အနေအထားများကို လက်တွေ့သရုပ်ပြ ဆွေးနွေးပို့ချခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

### မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုနယ်မြေရဲစခန်းတွင် ယနေ့ နံနက် ၁၁ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကနဦးမီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဋ္ဌေးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အိုင်သပြုနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အဆိုပါ ရဲစခန်းရှိ လိုင်းခန်းများအား လျှပ်စစ်မီးစနစ်တကျသုံးစွဲခြင်းရှိ-မရှိ စစ်ဆေးခြင်း၊ ကနဦးမီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်ကြပြီး မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ရွှေမိုး(ပြန်/ဆက်)**

### နယ်ထိန်းအရာရှိ (မွမ်းမံ) သင်တန်းဖွင့်

**စစ်ကိုင်း**

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ နယ်ထိန်းအရာရှိ (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ရဲရင့်ရိပ်သာခန်းမတွင် ကျင်းပသည်။

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိန်က အမှာစကားပြောကြားပြီး သင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**ခိုင်ဇေယျ**



ဒီဇင်ဘာ ၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ရန်ပိုင်ဦးက မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ဘားအံ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၉**

တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲသူ အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျင်းပသည်။

ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်က ပြည်နယ်အတွင်း ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်ခြင်း၊ ခွဲရုံများ တည်ဆောက်ခြင်း၊ ရှိပြီးသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မီးလင်းပြီး အိမ်ထောင်စု ၄၉၃၅၆ စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၀၂ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မီးလင်းပြီးအိမ်ထောင်စု ၆၀၄၈၃ စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၆၃ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မီးလင်းပြီး အိမ်ထောင်စု ၆၅၈၅၈ စုရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၂ ဒသမ ၀၃ ရာခိုင်နှုန်းနှင့်၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်မီးလင်းပြီးအိမ်ထောင်စု ၁၀၄၇၈၆ စုရှိကာ ရာခိုင်နှုန်းအားဖြင့် ၃၄ ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်း မီးလင်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထားဝယ်မြို့၌ သဘာဝဘေးစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၉**

သဘာဝဘေးစီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ အဟန့်အတားများ မဖြစ်စေရအောင် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်က ဘေးအန္တရာယ်များအတွက် ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း ပြောကြားသည်။

သင်းတန်းတွင် ဌာနဆိုင်ရာ သင်တန်းသားသင်တန်းသူ ၅၀ တို့အား ဒီဇင်ဘာ ၁၃ ရက်အထိ သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင်**
**(ပြန်/ဆက်)**



အလုံမြို့နယ်အတွင်း နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ငုဝါလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးရှေ့၌ ပြုလုပ်ရာ အလုံမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ တင်မောင်ဦး(အလုံ)

## ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူနိုင်ရေးညှိနှိုင်းဆွေးနွေး

**မယ်စဲ့ ဒီဇင်ဘာ ၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရန်အတွက် စာရင်းစစ်၊ စာရင်းကောက်များ၊ ကျေးရွာအုပ်စုကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ကျေးရွာအုပ်စုအလိုက် စာရင်းကောက်ယူရာတွင် တိကျမှန်ကန်ရေးနှင့် သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ကောက်ယူနိုင်ရေး မှာကြားဆွေးနွေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအောင်ခင်က စာရင်းကောက်ယူမည့် ကောက်ကွက်များနှင့် Mobile Tablet အသုံးပြု၍ ကောက်ယူမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

၂၀၁၉ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းကို မယ်စဲ့မြို့နယ်တွင် မယ်စဲ့၊ ဟိုစဲ့၊ နမ့်မန်း၊ ဟိုဂျစ် ကျေးရွာအုပ်စုလေးအုပ်စု၊ ကောက်ကွက်လေးကွက်တွင် ကောက်ကွက်တစ်ကွက်လျှင် အိမ်ထောင်စု ၃၅ စုနှုန်းဖြင့် ကောက်ကွက်လေးကွက်ရှိ အိမ်ထောင်စုပေါင်း ၁၄၀ ကို စာရင်းစစ်တစ်ဦး၊ စာရင်းကောက်သုံးဦးတို့က ဒီဇင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ၁၄ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**

## ပလတ်စတစ်ကင်းစင်ရေး ဖြေရှင်းနည်း ဓာတ်ပုံပြပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ယနေ့ မျက်မှောက်ကာလတွင် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် ပလတ်စတစ်ပြဿနာအား ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ပလတ်စတစ်ကင်းစင်ရေး ဖြေရှင်းနည်း ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပထမဆုံးအကြိမ် ကျင်းပသည်။

"ဒီပွဲက ဓာတ်ပုံတွေကို ကြည့်လိုက်ရင် လူတွေရဲ့ စိတ်ထဲမှာ ပလတ်စတစ်ကို သုံးစွဲရင် မကောင်းပါဘူးဆိုတဲ့ စိတ်ကလေးဖြစ်သွားရင်းပဲ ပလတ်စတစ်ကင်းစင်ပပျောက်ရေးသွားမယ့် ခရီးရှည်ကြီးအတွက် ပထမဆုံးခြေလှမ်းတွေ ဖြစ်လာမှာပါ။ သူတို့ရဲ့ စိတ်ထဲမှာ ပလတ်စတစ်နဲ့ပတ်သက်ပြီး တွေးစရာလေးတစ်ခုဖြစ်လာအောင် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု မက်စ်မြန်မာဂရုမှ စီးအီးအိုဒေါက်တာသောင်းဟန်က ပြောသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် ပလတ်စတစ်ကင်းစင်ရေး ဖြေရှင်းနည်းဆီသို့ ခေါင်းစဉ်ဖြင့် ဓာတ်ပုံပေါင်း ၂၀၀ ကျော် ရွေးချယ်ကာ ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်တိုင်တိုင် နိုဗိုတယ်ဟိုတယ်၌ပြည်သူများ လေ့လာနိုင်ရန် ပြသသွားမည်ဖြစ်ပြီး နေပြည်တော်နှင့် မန္တလေးမြို့များတွင်လည်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**



# ဘာသာပေါင်းစုံမှ သက်ကြီးဘိုးဘွားများအား ထောက်ပံ့

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဦးစီးကျင်းပသော စတုတ္ထအကြိမ်မြောက် ဘာသာပေါင်းစုံမှ သက်ကြီးဘိုးဘွားများအား ဂါရဝပြုထောက်ပံ့ငွေပေးအပ်လှူပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ဥက္ကလာပစေတီတော်ဝင်း မဟာမုနိဓမ္မာရုံ၌ ကျင်းပသည်။

ထောက်ပံ့ငွေလှူဒါန်းပွဲတွင် မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးသောင်းထိုက်၊ တောင်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်တို့က ထောက်ပံ့ငွေလှူဒါန်းနိုင်ခြင်းအပေါ် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံမှ အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွား ၅၂ ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သိန်းစီဖြင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း – မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ– မျိုးကြီး**

# ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်

**ချမ်းမြသာစည် ဒီဇင်ဘာ ၉**

STI Myanmar University (Mandalay Campus) ကျောင်းဆောင်သစ်ဖွင့်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ သိပ္ပံလမ်းနှင့် ပိတောက်လမ်းကြားရှိ အဆိုပါကျောင်းဆောင်သစ်တွင် ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌွေး၊ The Vice chancellor of University of Bedfordshire မှ Mr. Bill Rammellနှင့် STI Myanmar University ဥက္ကဋ္ဌ ဒေါ်ခင်အေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ ၉၀ ပတ်လည် အာရ်စီ ကိုးထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**



# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၉**

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ ပညာ့တံခွန်ဘော်ဒါတွင် ကျင်းပသည်။



တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့ မြို့မရဲစခန်းစခန်းမှူး ဒုရဲမှူးထွေးလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါး ဥပဒေများကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဒုတိယဥက္ကဋ္ဌဦးလှိုင်သန်းတင့်က လူငယ်များ လမ်းမှားမရောက်ရှိစေရေး မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် စာရေးဆရာအသင်း အဖွဲ့ဝင် ဦးသောင်းရွှေ (သောင်းရွှေရမည်းသင်း)က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းနှင်းဝင်းက လူငယ်များ အနာဂတ်သားကောင်းရတနာများဖြစ်စေရန် မူးယစ်ဟူသမျှဆန့်ကျင်ရေး အသိပညာပေးခြင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# သုံးခွမြို့၌ ပဲတီစိမ်းစိုက်တောင်သူများအား ကောင်းမွန်သော နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်စေရန် တောင်သူပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီးတွင် ၂၀၁၉-၂၀၂၀ ရာသီ ပဲတီစိမ်းစိုက်တောင်သူများအတွက် (GAP)- စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် (GAHP) ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေး ကျင့်စဉ် နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ တောင်သူပညာပေးသင်တန်းကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ တောင်သူဦးကြီး ၅၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က GAP နှင့် GHP နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ရေးအတွက် ပဲတီစိမ်းစိုက်တောင်သူများကို သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ မိမိပစ္စည်းဈေးကောင်းရရန်၊ ဈေးကွက်ခိုင်ခိုင်မာမာရှိရန်အတွက် နည်းစနစ်များ ပြောင်းလဲရန်လိုကြောင်း ပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်က "အစားအစာဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အရည်အသွေးရှိသည့် ပစ္စည်းများထုတ်လုပ်ရေး၊ GAP နှင့် GAHP စနစ်ဟာ တာဝန်ယူ တာဝန်ခံရမယ်။ သက်သာချောင်ချိရေး၊ နည်းပညာအမျိုးမျိုး၊ ရာသီဥတုအမျိုးမျိုး ပြောင်းလဲနေတယ်။ အခုခေတ် လယ်သမားတွေ လယ်ယာကဏ္ဍတွေ၊ မြေတွေကို ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ ဓာတ်မြေဩဇာမှာ သဘာဝ မြေဩဇာတို့ ရှိပါတယ်။ နိုက်ထရိုဂျင်လိုအပ်တဲ့ မြေထယ်ရေးကောင်းဖို့ မြေကိုစစ်ဆေးပေးရမယ်။ ထယ်ရေးကိုကြည့်ပါ၊ သေချာကြီးကြပ်ပါ"ဟု ပြောကြားသည်။

ထို့နောက် Bright Light Co.,Ltd မှ ဦးမောင်မြင့်က ပဲဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ကျွမ်းကျင်ပညာရှင် ဒေါ်စန်းစန်းဝင်းနှင့် ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းပို့ချပေးခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

## သတင်းစုံကဏ္ဍ

### ကျောက်ပန်းတောင်းမြို့နယ်တွင် ကျောင်းအဆင့်တိုးမြှင့်

**ကျောက်ပန်းတောင်း။** ။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိုန်း(တောင်)ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲကအဆိုပါကျောင်းရှိနှစ်ထပ်ကျောင်းဆောင်ရှေ့တွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အေးတို့က အဖွင့်အမှာစကား ပြောကြားကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### မိုင်းဖြတ်တွင် ကျောင်းဆောင်သစ်ဆောက်ရန် ပန္နက်တင်

**မိုင်းဖြတ်။** ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် အလက(ပါဆန်း)၌ ကျောင်းဆောင်သစ်ဆောက်လုပ်မည်ဖြစ်ရာ ဒီဇင်ဘာ ၉ ရက် နံနက် ၇ နာရီက ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀၊ အနံ ပေ ၃၀ရှိ (RCC) ကွန်ကရစ် နှစ်ထပ်၊ ခန်းဖွဲ့အနေဖြင့် တစ်အခန်းလျှင် ပေ ၃၀၊ ၂၄ပေရှိ စာသင်ခန်းလေးခန်း ပါဝင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

### ပျော်ဘွယ်၌ ကျေးရွာလျှပ်စစ်မီးလင်းရေး ကျင်းပ

**ပျော်ဘွယ်။** ။ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် သာစည်ကျေးရွာ၌ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်း၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးစန်းအေးနှင့် ကျေးရွာမီးလင်းရေး ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သာစည်ကျေးရွာတွင် အိမ်သုံးမီတာ ၁၆၈ လုံး နေ့ချင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

### မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေး

**နေပြည်တော်။** ။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်း အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်လင်းထက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့သည်။ **ကိုကိုရှူပ(နေပြည်တော်)**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ပြည်တွင်းအခွန်များဦးစီးဌာနမှ၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက်စည်းကြပ်တောင်းခံသည့်အခွန်ငွေများကိုစည်းကြပ်နှစ်အတွင်းအပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်းမပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကိုသတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အပါအဝင်နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိအပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ချင်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကိုပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့်www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊(၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ချင်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦး စာရင်း
### (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | MERCY PAR Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂ | Ever Green Land Group Co.,Ltd | အမှတ်-၂၂၂၊ ကမ်းဟောက်လမ်း၊ မြို့မရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃ | VICTORIA DESY CHANCo.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄ | SHWE HAKHA Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၅ | KEMO CONSTRUCTION Co.,Ltd | ရွာမရပ်ကွက်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၆ | AWH CHIN THITSA Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၇ | U KYAW EI Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၈ | TPCT Co.,Ltd | အန်းလန့်ရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၉ | PHWAR PHWAR MYITTER Co.,Ltd | ကျင်မွာလ်ရပ်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၀ | RONG FAMILY Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၁ | MYITTER SHWE YEE Co.,Ltd | ဇလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၂ | KARL HILL Co.,Ltd | မြို့မရပ်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၃ | TMP Co.,Ltd | အမှတ်-၁၇၉၊ ကမ်းဟောက်လမ်း၊ လွယ်ဘွာလ်းရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၄ | JOHN & JOSHUA Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၅ | CHIN CIN RUNG PHAI ZAWNG Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၆ | VAN THA LIAN Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၇ | ဦးလာလ်ဒုကျုံး | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ကန်ထရိုက်တာ | |
| ၁၈ | METTA ANNAWA Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၉ | FOUR STAR BROTHERS Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၀ | B FOUR Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၁ | KYI RIANG Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၂ | PLETWA SHWE MYAY Co.,Ltd | မြို့မရပ်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၃ | Khup Tuang Co.,Ltd | အမှတ်-၁၀၅၊ ကမ်းဟောက်လမ်း၊ မြို့မရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၄ | SIAN SIAM Co.,Ltd | ကျီခါးမြို့၊ တွန်းဇံမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၅ | FAI ZONG Co.,Ltd | ဇလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၆ | CHIN HILL STAR Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၇ | CHINLAND GRACE Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၈ | CHIN LAY FAMILY Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၉ | T-SEVEN Co.,Ltd | အမှတ်(၁)ရပ်ကွက်၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၀ | PROMISE LAND Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၁ | FALAM CHERRY Co.,Ltd | ဇလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၂ | HA SAW STAR Co.,Ltd | မြို့မရပ်၊ ရေဇွာမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၃ | RIVER MYITTHAR Co.,Ltd | ခိုဘွေရပ်ကွက်၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၄ | ဦးကျုံးအုပ်ပဲန်း | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ကန်ထရိုက်တာ | |
| ၃၅ | KEY SIGHT DESIGN Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၆ | CHIN LAND STAR Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၇ | MYITAR AUNG Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၈ | TIMID Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၉ | MI MITTAR KALAY Co.,Ltd | ဇလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၀ | GREEN CHIN LAND Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၁ | RUAN BAWI CEU THAWNG Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၂ | ROSE PHYO Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၃ | MOUNT AIKAWN Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၄ | SHWE KALATAN MYAY Co.,Ltd | ဆမီးမြို့၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၅ | DIN SANG Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၆ | AUNG AUNG HAKHA FAMILY Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၇ | GRACY HNIN Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၈ | SHWE AYE LINN Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၉ | MARA STAR Co.,Ltd | ဆဘောင်ပီးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၅၀ | TRIPLE FOUR Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေး လုပ်ငန်း | |

## မွေးနေ့မင်္ဂလာဆုတောင်း

အလ်ဟာဂျ် ဟာဂျီ ဦးဇော်နိုင်ဦး(ဥက္ကဋ္ဌ၊ နိုင်ဂရု(ပ်) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၏ ၁၀-၁၂-၂၀၁၉ ရက်တွင် ကျရောက်သော မွေးနေ့ ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ဘဝတစ်လျှောက်ရဲ့ အခက်အခဲပေါင်းများစွာကို အောင်မြင်စွာ ကျော်လွှားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်......

ချစ်ဇနီး - ဟာဂျီမ ဒေါ်မိုးသီတာဆွေ
ချစ်သားသမီးများ - ဟာဂျီ ဦးကောင်းမြတ်နိုင်-မစုမြတ်နိုးဦး
မောင်ဝင်းမြတ်နိုင်-မမြတ်ပုဏ္ဏမီနိုင်
မောင်ညီမင်းမြတ်နိုင်၊ မမွန်မြတ်နိုင်
ချစ်မြေးများ - မပိုးအိန္ဒြေနိုင်၊ မောင်သုထက်မြတ်နိုင်

## အထူးဂုဏ်ပြုကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မှကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဓမ္မကာယ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာတော်အပါး ၃၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး ကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့၊ ချမ်းမြသာစည် လေယာဉ်ကွင်း၌ အောင်မြင်ခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ ပါသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး များ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးသံဃ နာယကဆရာတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များ ပြည်ပနိုင်ငံများမှ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော် များ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် သဒ္ဓါတရား ထက်သန်စွာဖြင့် အဘက်ဘက် မှ စိတ်ရောကိုယ်ပါ အားတက်သရော ဝိုင်းဝန်းကူညီ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းပေးခဲ့သော အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ဓမ္မကာယဖောင်ဒေးရှင်းနှင့် အလှူရှင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ဆင့်ဌာနဆိုင်ရာ များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်မိဘပြည်သူများ၊ ပရဟိတနှင့် လူမှုရေးအသင်း အဖွဲ့များ၊ မန္တလေးမြို့တော်သူ၊ မြို့တော်သားများ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဧည့်သည်တော်များနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**


### ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်)

▲(အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ သီးသန့်) ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်၊ လွိုင်ကော်အနှံ့၊ ထီးစဲခါးရေတံခွန်
▲အင်းတော်ကြီး-ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ပန်းမောက်၊ ဇလုံတောင်၊ (မိုးကုတ်)
▲(ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ သီးသန့်) ဆက်၍-စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ဖော်လဖြိုင်၊ ကျိုက္ကမီ၊ စက်စဲ (မြိတ်)
▲(မန္တလေး၊ ပြင်ဦးလွင် အနှံ့)(လွိုင်ကော်အနှံ့၊ တောင်ကွဲစေတီ)
▲မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ကျောက်စိမ်း၊ ကျောက်ဆည်
အပတ်စဉ်-သောကြာ
Dec 24,27,30
01-240 860, 09-400 700 373, 09-40 20 30 373, 09-677 677 373



### ရွှေမျှော်ကျော် Dec-24

ထားဝယ်၊ ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန် ကမ်းခြေနှင့် မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ဂု(၅)ဂူ (ကြိုတင်လက်မှတ်အိမ်အရောက်ပို့သည်။) (၆)ရက်ခရီးစဉ် ၁၀၀၀၀၀ကျပ်/-
09-73177727,09-5194608


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပုဇွန်တောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ (၅၀) လမ်း၊ အပေါ် ဘလောက်ရှိ ၃ ထပ်တိုက် (အပေါ်ဆုံးအလွှာ) ပေ (၃၇x၄၇)ကို ကျပ်သိန်း (၇၅၀)ဖြင့် ရောင်းမည်။

ဖုန်း-၀၉-၅၁၂၃၃၀၀၊ ၀၉-၅၁၃၇၆၄၇

## မွေးသက္ကရာဇ်အမှန်

ယင်းမာပင်မြို့၊ (က)ရပ်ကွက် နေ ဦးလှသောင်း[၅/ယမပ(နိုင်) ၀၀၄၆၁၀]၏ မွေးသက္ကရာဇ်အမှန် မှာ ၂-၄-၁၉၆၂ ခုနှစ် ဖြစ်ပါကြောင်း။

**ဦးလှသောင်း**

## ဖခင်အမည်မှန်

ကနီမြို့နယ်၊ ထောက်ကြံ့အိုင် ကျေးရွာ၊ ဝင်မနား၊ အထက၊ သတ္တမတန်း (B)မှ မောင်စက်ကိုအောင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဆန်းဦး[၅/ကနန (နိုင်)၀၃၂၀၉၈]ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၆/က)၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ(၀.၆၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ရဲစုကျေးရွာ၊ ဘွက်ကြီးအုပ်စု၊ မင်္ဂလာဒုံမြို့နယ်(ကို၊ မဖွားမီ) အမည်ပေါက် မြေအမျိုးအစား(B)မြေအား ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၆၇/၂၀၁၇(၇-၁၂-၁၇)၏ အမိန့်အရ တရားလိုဦးမြင့်သန်းက တရားပြိုင် ဦးဘိုစိန်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိန်အောင်) အပေါ် ၃(က) လျှောက်ထားရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အနိုင်ဒီကရီ ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၄/၂၀၁၈(၄-၄-၁၈)၏ နေ့စဉ်မှတ်တမ်းအရ တရားရုံး ကိုယ်စား တရားရုံး ဘီလစ် ဒေါ်ဇင်မာထွန်း[၁၂/လသယ(နိုင်)၀၃၉၄၁၀]မှ ဘီလစ်ခန့်စာ၊ တရားရုံးအမိန့်၊ အရောင်းအဝယ် အရပ်ကတိစာချုပ်တို့ကိုတင်ပြ၍ ၃(က)ဝန်ခံချက် လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၂-၂၀၁၉ ရက် ကြေးမုံ သတင်းစာ ကြော်ငြာစာမျက်နှာ(၃၀) ကော်လံ ၁၊ ၂ နှင့် ကော်လံ ၆၊ ၇ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေမီ လှိုင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာ ခြင်း ကြော်ငြာများတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ် (၄၇)၊ ဒုတိယ ထပ် (၃)လွှာဟု လည်းကောင်း အကျယ်ပေ($၁၂\frac{၁}{၂}$x၅၀)ဟု ပြင်ဆင် ဖတ်ရှုပါရန်။

## အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ်(၆၁) ဟုခေါ်တွင်သော နေအိမ်မြေယာကွက်နှင့်ပတ်သက်၍ အများသိစေရန်

အထက်ပါလိပ်စာတည်ရှိရာ-ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃/၂၊ မြေကွက်အမှတ်(V Class ၁၆)၊ ဧရိယာ (၀.၀၃၁)ဧကရှိ နှစ်(၃၀)ဂရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက် ဦးကျန်ဝိန်ကွန်း (ခ)ဦးလှဝင်း (ဘ)ဦးကျန်ဆွေဟောင်[၁၂/အလန(ပြု)၀၀၀၀၆၂]က မိမိလက်ဝယ်တွင် ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏အမှုသည်မှ လွှဲပြောင်းဝယ်ယူ ရန် နှစ်ဦးသဘောတူပြီးဖြစ်၍ ပစ္စည်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။ အထက်ပါ အိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာတင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၄)**
**အမှတ်(၄)၊ တော်ဝင်ချယ်ရီအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၀၁၁၇၈၀၀**

## ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်သည်

ဒေါက်တာ ဦးဇေယျ ပညာရေးဖောင်ဒေးရှင်းသို့ ဆေးတက္ကသိုလ် နှင့် ရေကြောင်းတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရသော ကျောင်းသား/သူများသည် 28-12-2019ရက်ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းများသို့ အသေးစိတ်အချက်အလက်များကို စုံစမ်းလျှောက်ထားနိုင်သည်။

ဆက်သွယ်စုံစမ်းရန်။ Facebook: Thitsarparami Dhamma Society

Ph:09-250601709, 09-672157317
09-260358590, 09-250141372

## မြေတိုင်းပညာရပ်ဖြင့်အသက်မွေးလိုသူများအတွက် အဆင့်မြင့်မြေတိုင်းသင်တန်းအပတ်စဉ်(၁၈) သင်တန်းဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန၏ ကူညီပံ့ပိုးမှုဖြင့် အဆင့်မြင့်မြေတိုင်းသင်တန်းအပတ်စဉ် (၁၈)ကို Amigos International Co.,Ltd နှင့် ပူးပေါင်းကာ လာမည့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၁ရက်မှ စတင်ကာ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနတွင် ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသော သင်တန်း သားများသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံး (အခန်းအမှတ် ၃၀၃၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အဦ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ဖုန်း 09-450051310၊ 09-967639436) သို့ လာရောက်စုံစမ်း အပ်နှံနိုင်ပါသည်။ (ပညာအရည်အချင်း- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ) သင်တန်းသား (၄၀)ဦးသာ လက်ခံပါမည်။

## အမည်ပြောင်း

Victory International School (VIS), K4 Class မှ အဖ ဦးပြည့်ဖြိုးဝင်း၏သားဖြစ်သူ မောင်မြတ်သူခန့်အား မောင်သစ်ထူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(ကတုတ်ကြီး)၊ အဋ္ဌမတန်း(A)မှ မောင်ရန်လင်းထက်၊ ဒုတိယတန်းမှ မရွှေစင်ထက်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုး(ကွယ်လွန်) ဖြစ်ပါကြောင်း။

**ဦးစိုး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပုလဲမြို့နယ်၊ လက်တောင်းကြီးကျေးရွာနေ ဦးမြင့်သန်း၏ သမီးဖြစ်သူ မယဉ်မာခိုင်သည် မိဘများ၏ ဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေခြင်းကြောင့် ၉-၁၂-၂၀၁၉ရက်မှ စတင်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သန်း**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၂၃၅/၂၃၇)ဟု ခေါ်တွင်သည့် အဆောက်အအုံရှိ အကျယ်အဝန်းပေ ($၁၂\frac{၁}{၂}$ x၄၀)စီရှိသော ဟောင်ကောင် ပုံစံ မြေညီထပ်+အပေါ်လွှာနှင့် ပထမထပ်+အပေါ်လွှာစုစုပေါင်း(၄)လွှာရှိသည့် တိုက်ခန်း များနှင့် ယင်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချ ခွင့်ရှိသူများဖြစ်ကြသည့် ကျူလီယာမွတ်စလင်မ်ဒါရိုဂါဗလီ [အထက်အမည်ပါ ကျူလီယာ မွတ်စလင်မ်ဒါရိုဂါဗလီကိုယ်စား ဂေါပကအဖွဲ့၏ ၂၂-၈-၂၀၁၉ရက်စွဲပါ အစည်းအဝေး အမှတ်စဉ်-၁၄၈ဆုံးဖြတ်ချက်အရ ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဝင်း[၁၂/ပဘတ (နိုင်)၀၀၉၅၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ် သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတန်ဖိုးငွေကို ပေးချေထားပြီးဖြစ် ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများ နှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာနရှိ လှည်းကူးပညာရေး ကောလိပ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁။ | (၁၇၉'x၃၆') သင်တန်းသား (၁၅၀)ဆံ့ (၃)ထပ်အိပ်ဆောင် (RC) (၁)ဆောင် ဆောက်လုပ်ခြင်း(ရေမီးအပါအဝင်) |
| ၂။ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ(RC) (၁)လုံး ဆောက်လုပ်ခြင်း (၁၀၀'x၃၀') (ရေမီးအပါအဝင်) |
| ၃။ | ကျောင်းရှေ့ခြံစည်းရိုးအုတ်တံတိုင်း (၁၂၀၀'x၆")ကာရံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁၂-၂၀၁၉ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၂၀ရက် (၁၆:၃၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် လှည်းကူး ပညာရေးကောလိပ်တွင် တင်ဒါပုံစံဝယ်ယူပြီး သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လှည်းကူးပညာရေးကောလိပ်ရှိ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့် အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာတွင် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ လှည်းကူးပညာရေးကောလိပ်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင် သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက (ဖုန်း-၀၉-၆၉၉၃၄၉၈၃၃၊ ၀၉-၅၀၆၇၉၆၁) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ လိုက်နာရမည့် စည်းကမ်း ချက်များ၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www. Myanmar-education.edumm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## TAXI အိမ်ပေးငှားမည်

1. CNG ဖင်ကောက်၊ စပေါ်၄ သိန်း၊ အုံနာကြေး ၁၆၀၀၀၊
2. Probox ခေါတ်ဆီ၊ စပေါ် ၃သိန်း၊ အုံနာကြေး ၁၁၀၀၀။

(စမ်းချောင်းမြို့နယ်နီးသူဦးစားပေး)

**Ph-09-457777185**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ရေစက်ဝင်းနေ (ဘ) ဦးကြင်လှ၏သား ဦးကိုကိုကြီး(ခ)ဦးမောင်ကြီး [၁၄/ကလန(နိုင်)၀၇၈၈၉၉]ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆/K မြေကွက် အမှတ်-၁၁၁-V/၂-A၊ ဧရိယာ(၀.၀၈၇)ဧကရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၅၃/C ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ရှိ အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြင့်မြင့်သန်း[၁၂/ဗဟန(နိုင်)၀၅၆၀၁၉]ပါ (၃)ဦးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး ငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်ဖော်ပြပါပစ္စည်းများနှင့် ပတ်သက်၍ အကျိုး သက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက အထောက်အထားစာချုပ်စာတမ်းမူရင်း များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာ ရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇/၁၉၉၄)**
**အမှတ်-၃၂၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်**
**ဖုန်း-၀၉-၅၀၆၀၆၀၇**


## သင့်သွေးဖြင့် အသက် ကယ်ပါ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်
### လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ပြည်တွင်းအခွန်များဦးစီးဌာနမှ၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက်စည်းကြပ်တောင်းခံသည့်အခွန်ငွေများကိုစည်းကြပ်နှစ်အတွင်းအပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်းမပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အပါအဝင်နှစ်အဆက်ဆက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိအပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ချင်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကိုပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့်www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊(၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ချင်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦး စာရင်း
### (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | PHWAR PHWAR MYITTER Co.,Ltd | ကျင်မွာလ်ရပ်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂ | MYITTER SHWE YEE Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃ | ဦးလာလ်ဒုကျုံး | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ကန်ထရိုက်တာ | |
| ၄ | Mercy Par Construction Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၅ | FAI ZONG Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၆ | ဦးကျုံးအုပ်ပဲန်း | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ကန်ထရိုက်တာ | |
| ၇ | CHIN HILL STAR Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၈ | Ever Green Land Group Co.,Ltd | အမှတ် - ၂၂၂၊ ကမ်းဟောက်လမ်း၊ မြို့မရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၉ | Victoria Daisy Chan Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၀ | CHINLAND GRACE Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၁ | CHIN LAND STAR Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၂ | FALAM CHERRY Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၃ | Kemo Construction Co.,Ltd | ရွာမရပ်ကွက်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၄ | MOUNT AIKAWN Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၅ | Awh Chin Thitsa Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၆ | TPCT Co.,ltd | အန့်လန့်ရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၇ | MI MITTAR KALAY Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၈ | ဦးဝမ်းလျန်းထန် | အမှတ် - ၁၈၉၊ ကမ်းဟောက်လမ်း၊ မြို့မရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | မြေကွက်ရောင်းချခြင်း | |
| ၁၉ | Rong Family Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၀ | TMP Co.,Ltd | အမှတ်- ၁၇၉၊ ကမ်းဟောက်လမ်း၊ လွယ်ဘွာလ်းရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၁ | John & josuah Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၂ | Chin Cinrung Phai Zong Construction Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၃ | Van Tha Lian Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၄ | UNITED HITECH STAR Co.,Ltd | ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၅ | Myittar Annawa Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၆ | Four Star Brothers Co.,Ltd | မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၇ | B Four Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၈ | ပလက်ဝရွှေမြေ Co.,Ltd | မြို့မရပ်ကွက်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၉ | RIH HTATE TAN Co.,Ltd | ရိခေါဒါရ်မြို့၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၀ | Khup Tuang Co.,Ltd | အမှတ် - ၁၀၅၊ ကမ်းဟောက်လမ်း၊ မြို့မရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၁ | Sian Siam Co.,Ltd | ကျီခါးမြို့၊ တွန်းဇံမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၂ | CHIN AHLAH Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၃ | LAI RAL Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၄ | T-seven Co.,Ltd | အမှတ်(၃)ရပ်ကွက် ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၅ | Promise land Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၆ | Key Sight Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၇ | ဦးလျန်းဆွင်းဒါလ်း | အမှတ် (၂)ရပ်ကွက်၊ ခိုင်ကမ်းမြို့၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | မြေကွက်ဝယ်ယူခြင်း | |
| ၃၈ | ဦးလျန်လွယ် | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | လစာ | |
| ၃၉ | ဦးဇိုဘွေ | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | လစာ | |
| ၄၀ | Ruan Bawi Ceu Thawng Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၁ | Shwe Kalatan May Co.,Ltd | ဆမီးမြို့၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၂ | Din Sang Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၃ | Aung Aung Hakha Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၄ | Rose Phyo Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၅ | Shwe Aye Linn Co.,Ltd | ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၆ | Mara Star Co.,Ltd | ဆဘောင်ပီရပ်ကွက်၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၇ | TRIPLE -4 Co.,Ltd | ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၈ | ဦးလှေအုပ် | ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | အခြေ | |
| ၄၉ | High Lander Group Co.,Ltd | အမှတ်- ၆၁၊ ကမ်းဟောက်လမ်း၊ စကောလမ်းရပ်၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၅၀ | MOUNTAIN LILY Co.,Ltd | ဖါရ်ထောက်ရပ်ကွက်၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။ | ချင်း | ဆောက်လုပ်ရေးလုပ်ငန်း | |

## တွေ့ရှိသူကျေးဇူးဆပ်ပါမည်

၆-၁၂-၂၀၁၉ရက်တွင် သာကေတမှ မြောက်ဥက္ကလာပသို့ တက္ကစီငှားရာကားပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေ မလှလှဝင်းအမည်နှင့် တိုက်ခန်းအဝယ်စာချုပ်မူရင်းနှင့် ဒေါ်တင်မြအမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းတို့ ကားပေါ်တွင် မေ့ကျန်ခဲ့ပါသည် တွေ့ရှိသူများ အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပါရန် ထိုက်ထိုက် တန်တန် ကျေးဇူးဆပ်ပါမည်။

**ဦးခင်မောင်လေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၅၆၅)(၂၆-၇-၁၉၈၅)**
**အမှတ်-၆၅၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း**
**ဖုန်း-၀၉-၇၉၆၄၉၀၇၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၁၀၂၊ ၁၀၃)၊ ဧရိယာအကျယ်အဝန်း (၄.၈၀၅)ဧကရှိ ပါမစ်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဦး[၁၂/လမတ(နိုင်)၀၂၁၄၅၁]နှင့် ဦးမျိုးဦး[၁၂/လမတ(နိုင်)၀၂၅၉၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်မည့်သူ ရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)**
**အမှတ်(၇၀)၊ သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၈၁၄၄၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အထယုကျေးရွာ၊ ကွင်းအကွက်အမှတ်(၅၀၇/ B)၊ အထယုတောင်ကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၃/၂)ရှိ လယ်မြေစုစုပေါင်း (၃.၄၃) ဧကနှင့် ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၂/၄)ရှိ လယ်မြေ(၀.၇၅)ဧက၊ စုစုပေါင်းလယ်မြေ(၄.၁၈)ဧက၏ မြေပေါ်မြေအောက်ရှိ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသော ဒေါ်နော်သဲသဲဖြူ[၁၄/အမပ(နိုင်)၁၆၅၇၆၉]ထံမှ ကျွန်ုပ်ဒေါ်သီတာ ရွှေဝင်း[၁၃/ညရန(နိုင်) ၀၆၀၃၀၀]က အပြီးပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)အတွင်း တိကျခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သီတာရွှေဝင်း**
**ဖုန်း-၀၉-၅၀၉၃၆၇၉**
**အမှတ်(၈/၁၅)၊ ဗိုလ်ချုပ်လမ်း၊ နယ်မြေ (၁၁)၊ စပ်စံထွန်းရပ်ကွက်၊**
**တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၉၅၊ ၉၆)၊ ဧရိယာအကျယ်အဝန်း (၄.၉၈၀)ဧကရှိသော ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်ဝင်း[၁၂/လမတ(နိုင်)၀၂၀၉၃၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လဲ့လဲ့ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)**
**အမှတ်(၇၀)၊ သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၈၁၄၄၈၉**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃/အေ၂)၊ မြေကွက်အမှတ် (၆၂)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ အကျယ်အဝန်း ပေ(၂၅x၅၀) ရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ် ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက်အမှတ် (၆၅)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယ ထပ်၊ (၄)လွှာ(ညာခြမ်း)၊ အခန်းအမှတ် (A-4)၊ ပေ(၁၁ $\frac{၁}{၂}$ x၄၇)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသိန်းဇော် [၁၂/တမန(နိုင်)၀၈၉၉၉၅]မှ လက်ရှိပိုင်ဆိုင် လျက် အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမြင့်နိုင် (B.A(Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၃၃) (၁၃-၈-၁၉၉၇)**
**အမှတ်-၇၈၉၊ ယုဇနလမ်း၊ မြရတနာမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၂၈၄၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်- ၂၅၆/ခ၊ မြေကွက်တည်နေရာအမှတ် (၂၅၆/ခ)၊ ဝေပုလ္လ(၆)လမ်း၊ (ဃ)ရပ်ကွက်၊ ဦးမြအောင် [၁၂/ဥကမ(နိုင်)၀၁၃၅၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း)ဦးမြအောင်သည် ၂၇-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှဝင်းကြည်[၁၂/ဥကမ (နိုင်)၀၃၁၉၁၅]မှ တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း မရမ်းကုန်းမြို့နယ် တရားရုံး ကျမ်းကျိန်လွှာအမှတ်(၃၀၃၈/ ၁၉)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင် လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဒေါ်ကာလီမား[၁၂/သကတ(ပြု)၀၀၀၆၅၅]၏ သားဖြစ်သူ မောင်သိန်းမောင်[၁၂/သကတ(ပြု) ၀၀၀၂၈၆]သည် မိဘများ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား ယနေ့မှ စ၍ သားအဖြစ်မှ စွန့်လွှတ်လိုက် သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လည်း လုံးဝတာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါကြောင်း။

**ဒေါ်ကာလီမား**
**[၁၂/သကတ(ပြု)၀၀၀၆၅၅]**

**သစ် တော မှန် လျှင် အသုံး ဝင် အစဉ် ထာ ဝ ရ ထိန်း သိမ်း ကြ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဖြူ (မာန်အောင်)

**ဒါရိုက်တာ**
**မာန်အောင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**အသက်(၇၅)နှစ်**

အမှတ်(၆၃၇)၊ အနော်မာ(၁၅)လမ်း၊ အနောက်(၁)ရပ်ကွက်၊ သာကေတ သည် ၈-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရ ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မာန်အောင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃/အေ၂)၊ မြေကွက်အမှတ်(၆၂)၊ မြေအမျိုးအစား- မြေပိုင်မြေ၊ အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ တာမွေ မြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက်အမှတ်(၆၅)၊ (၂)ခန်းတွဲ(၆)ထပ်တိုက် ၏ ဒုတိယထပ်၊ (၃)လွှာ(ညာခြမ်း)၊ အခန်းအမှန်(A-3)၊ ပေ(၁၁ $\frac{၁}{၂}$ x ၄၇)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင် ထားသော ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အား ဦးသိန်းဇော်[၁၂/တမန(နိုင်)၀၈၉၉၉၅]မှ လက်ရှိပိုင်ဆိုင်လျက် အရှုပ် အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ သည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမြင့်နိုင်(B.A(Law),LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၃၃)(၁၃-၈-၁၉၉၇)**
**အမှတ်(၇၈၉)၊ ယုဇနလမ်း၊ မြရတနာမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၂၈၄၂၂**

## ၇-၁၂-၂၀၁၉ရက်၊ ကြေးမုံသတင်းစာပါ ဒေါ်ဥမ္မာကြူ(ခ)ဒေါ်ကျင်မွေး(မြေရှင်)၊ ဦးထွန်းအောင် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ချမ်းမြေ့ဇင်(တရားလွှတ်တော်ရှေ့နေ) တို့၏ ကြေညာချက်အပေါ်ပြန်လည် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးလွင်[၁၂/မဂတ(နိုင်)၀၄၇၀၇၁] အုပ်ချုပ်မှု ဒါရိုက်တာ(မိုးထိဆောက်လုပ်ရေး ကုမ္ပဏီ)၏ ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အသိပေးကြေညာအပ်ပါသည်။

၁၀-၇-၂၀၁၄ရက်တွင် "အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၆)ထပ်တိုက်ဆောက်လုပ်ခြင်း သဘောတူစာချုပ်"ကို ဒေါ်ဥမ္မာကြူ(ခ) ဒေါ်ကျင်မွေးနှင့် ဦးမျိုးလွင်တို့သည် သက်သေများရှေ့ ဝန်ခံကတိပြု ချုပ်ဆို ကြပြီး ကျွန်ုပ်မိတ်ဆွေမှ စာချုပ်ပါအတိုင်း အဆောက်အအုံကို ငွေကျပ် သိန်း(၂၅၀၀)အကုန်အကျခံဆောက်လုပ်ခဲ့၍ အဆောက်အအုံမှာ (၉၂%) ပြီးစီးနေကြောင်း သိရှိရပါသည်။

ဆောက်လုပ်နေစဉ် ၁၈-၉-၂၀၁၉ရက်တွင် လှေကားလက်ရမ်း၊ သံထည် ပစ္စည်းများတပ်ဆင်ရန် ကားဖြင့် သွားရောက်ပို့ဆောင်ရာ ဒေါ်ဥမ္မာကြူ၊ ဒေါ်လဲ့ဝတ်ရည်ဖြိုးနှင့် ဦးသန်းနိုင်တို့မှ ခြံတံခါးပိတ်တားမြစ်ခဲ့၍ ဦးမျိုးလွင်မှ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဖက်ညှိနှိုင်းခဲ့ သော်လည်း ဒေါ်ဥမ္မာကြူ(မြေရှင်)မှ တိုက်ဆောက်လုပ်ခြင်းကို ခွင့်မပြုခဲ့ပါ။

ထို့နောက် ၇-၁၂-၂၀၁၉ရက်၊ ကြေးမုံသတင်းစာ၌ ဦးထွန်းအောင် (တရားလွှတ်တော်ရှေ့နေ) ဒေါ်ချမ်းမြေ့ဇင် (တရားလွှတ်တော်ရှေ့နေ)တို့မှ စာချုပ်ပါတိုက်ဆောက်လုပ်ခြင်းလုပ်ငန်းအား အပြီးတိုင် ရပ်စဲလိုက်ပါကြောင်း ကြေညာခဲ့သည်ဟု သိရှိရပါသည်။

၁၀-၇-၂၀၁၄ရက်စွဲပါ "အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၆)ထပ်တိုက် ဆောက်လုပ်ခြင်း သဘောတူစာချုပ်"၏ အပိုဒ်(၁၄)၌ ဤစာချုပ် အား မြေရှင်ဘက်မှ ဖျက်သိမ်း၍ ဆောက်လုပ်ခြင်း လုပ်ငန်းရပ်စဲပါက ဦးမျိုးလွင် ကုန်ကျငွေများ၏ (၂)ဆကို ပေးလျော်မည်ဟု ဝန်ခံကတိပြုထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် တစ်ဖက်သတ် တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းအား အပြီးတိုင်ရပ်စဲလိုက်ခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ပါသည်။

ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ၇-၁၂-၂၀၁၉ရက် ကြေးမုံသတင်းစာပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဒေါ်ဥမ္မာကြူ(မြေရှင်)မှ အဆောက်အအုံ ပြီးစီးအောင် ဆက်လက် ဆောက်လုပ်ခြင်းအား သဘောတူပါကြောင်း သတင်းစာမှ ပြန်လည်ကြေညာ ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၂)**
**အမှတ်(၁၂)၊ ၅-လွှာ၊ နဝရတ်လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၇၁၇၂၆၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၃)ရန်ပြေရပ်ကွက်၊ အမှတ် (၁၂)၊ ဦးဖိုးကျား လမ်းနေ ကျွန်တော် ကိုခင်မောင်ဝင်း [၁၄/မမက(နိုင်)၀၆၀၅၅၀]၏ ဇနီး မကြူကြူ [၁၂/ သကတ(နိုင်)၁၂၂၃၄]သည် အတူနေထိုင်စဉ် ခင်ပွန်းဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်း ရဲအောင်ပြုလုပ်၍ မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စ အဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ကိုခင်မောင်ဝင်း**
**[၁၄/မမက(နိုင်)၀၆၀၅၅၀]**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စိမ်းခင် (အသက် ၉၄နှစ်)

သူငယ်ချင်း ကိုမျိုးအောင်(Mech) ၏ မိခင်ကြီး ဒေါ်စိမ်းခင်သည် ၂၀၁၉ နိုဝင်ဘာလ ၂၉ရက် သောကြာနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

1984-1993 ရန်ကုန်စက်မှုတက္ကသိုလ်
ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးသိန်းမြင့် (မူ/အုပ်-ငြိမ်း)

**အသက် (၈၈) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးမြင့်ဟန် (အင်ဂျင်နီယာချုပ်- မြို့ပြ)-ဒေါ်ဌေးဌေးတို့၏ ဖခင်ကြီး ဦးသိန်းမြင့် အသက် (၈၈)နှစ်သည် ၇-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ် (လမ်းထိန်းသိမ်းရေး)နှင့်**
**စီမံကိန်းရေးဆွဲရေးနှင့် ကိန်းဂဏန်းဌာနခွဲ၊ ဖြည့်တင်းရေးဌာနခွဲ**
**လမ်းဦးစီးဌာန မိသားစု နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူး၊ ရေတွင်း ဒါယကာကြီး**

### ဒု-ဗိုလ်မှူးကြီးသိန်းအောင် (ငြိမ်း)

**ဗိုလ်သင်တန်း-အပတ်စဉ်(၁၈)**
**အသက်(၈၅)နှစ်**

ဆရာမဒေါ်ရှုကြည် (အထက်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဒု-ဗိုလ်မှူးကြီးသိန်းအောင်သည် ၆-၁၂-၂၀၁၉(သောကြာ နေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဆရာမ ဒေါ်ခင်သီတာ)**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစံတင်

**အသက် (၇၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဆံတော်တွင်းလမ်းမတန်းနေ ဒုတိယ ဗိုလ်မှူးကြီး သန်းထိုက်စံ၏ဖခင်ဖြစ်သူ ဦးစံတင်(မြေစာရင်းဦးစီးမှူး-ငြိမ်း) သည် ၆-၁၂-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စည်သူ (၉၉)**
**ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညို

**အသက်(၇၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဝါးခွကျေးရွာအုပ်စုနေ (ဦးတင်ဦး)၏ ဇနီး၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ ဖြူးမြို့နေ ဦးခင်မောင်လွင် (လ/ထ ညွှန်ကြားရေးမှူး)နှင့် ဇနီး ဒေါ်လှလှကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ညိုသည် ၇-၁၂-၂၀၁၉ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(၃)နှင့် ရုံးဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၁)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညို

**အသက်(၇၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဝါးခွကျေးရွာအုပ်စုနေ (ဦးတင်ဦး)၏ ဇနီး၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ ဖြူးမြို့နေ ဦးခင်မောင်လွင် (လ/ထ ညွှန်ကြားရေးမှူး)နှင့် ဇနီး ဒေါ်လှလှကြည် တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ညိုသည် ၇-၁၂-၂၀၁၉ ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)နှင့် ရုံးဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၁)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညို

**အသက် (၇၃) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဝါးခွကျေးရွာအုပ်စုနေ (ဦးတင်ဦး)၏ဇနီး၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ ဖြူးမြို့နေ ဦးခင် မောင်လွင် (လ/ထ ညွှန်ကြားရေးမှူး)နှင့် ဇနီး ဒေါ်လှလှကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ညိုသည် ၇-၁၂-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန် သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး (၄) ရုံးဝန်ထမ်းမိသားစုများ**
**ဖြူးချောင်းရေလှောင်တမံစီမံကိန်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးချုပ်လှရွှေ(ငြိမ်း) (ပေါင်းတည်)

ကြည်း-စ၁၆၃

ဗိုလ်သင်တန်းအပတ်စဉ်(၂၂)

### အသက်(၈၉)နှစ်

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နေ (ဦးခင်-ဒေါ်စိန်ညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သစ်ရာပင်လမ်းသွယ်(၂)၊ အမှတ် (၂၄)နေ ဒေါ်ခင်သန်းနွဲ့၏ ခင်ပွန်း၊ ဦးမောင်မောင်ငွေး-ဒေါ်နုနုသိင်္ဂီ၊ ဦးသစ်လွင်၊ ဦးအောင်သာ-ဒေါ်ချိုချိုသိင်္ဂီ၊ ဦးမင်းထင်ဦး-ဒေါ်ဝါဝါသိင်္ဂီ၊ ဦးအောင်သူ-ဒေါ်စပယ်ယဉ်၊ ဦးထွန်းမင်းစန်း-ဒေါ်ဥမ္မာရွှေတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇:၃၅ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါသုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ကြည်း-စ၁၆၃ ဗိုလ်မှူးချုပ်လှရွှေ(ငြိမ်း) (ပေါင်းတည်)

### အသက်(၈၉)နှစ်

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃) ရပ်ကွက်၊ သစ်ရာပင်လမ်းသွယ် (၂)နေ ဒေါ်ခင်သန်းနွဲ့၏ခင်ပွန်း ဗိုလ်မှူးချုပ်လှရွှေ(ငြိမ်း) သည် ၈-၁၂-၂၀၁၉ ရက် နံနက် ၇:၃၅ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်အောင်ကြည်(ငြိမ်း)၊ ဒေါ်သက်သက်ဆွေ မိသားစု**

## ဒေါ်ရှုလျှန် (မြိတ်)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၂၉)နေ (ဦးချမ်မာ-ဒေါ်အပ်ကေး)တို့၏ သမီး၊ (ဒေါ်ရှုကြည်)၊ (ဒေါ်ကြုပ်)တို့၏ ညီမ၊ (မောင်အဘွန်း)၏ အစ်မ၊ (ဦးစိုးမြင့်)၏ ဇနီး၊ ဦးဆွေဦး-ဒေါ်ယဉ်မင်းဦး၊ ဦးသက်နိုင်၊ (ဦးကျော်မိုးအောင်)-ဒေါ်မီမီသိုက်တို့၏ မိခင်၊ မသန္တာထက်၏အဘွား ဒေါ်ရှုလျှန်သည် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၁)လမ်း၊ (ကျွဲကုန်းကန်လမ်း၊ အောင်မြေသာစည်အိမ်ရာအနီး) အမှတ်(၁၂၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ကြည်(ခ)ဆရာကြည်

တင်းနစ်နည်းပြ(မြန်မာ့လက်ရွေးစင်ဟောင်း)

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၇) လမ်း၊ အမှတ် (၄၄၆)နေ ဒေါ်လှကြည်၏ ခင်ပွန်း၊ ဦးကျောင်းအောင်-ဒေါ်အေးရွှေ(ပြေးခုန်ပစ်)၊ [ဦးမြင့်ဆွေ (အကောက်ခွန်)]-ဒေါ်ငွေးဝင်း၊ ဦးကြည်မင်း-ဒေါ်ကျင်သိန်း(အကောက်ခွန်)၊ ဦးတင်သန်း(အကောက်ခွန်)-ဒေါ်ခင်ခင်ဦးတို့၏ အစ်ကို၊ မေသီထွန်း(တင်းနစ် မြန်မာ့လက်ရွေးစင်)၊ အေမီထွန်း (တင်းနစ် မြန်မာ့လက်ရွေးစင်)၊ မောင်ကေဇာထွန်း-မခင်သူဇာဝင်းတို့၏ ဖခင်၊ မဖူးထက်ကေဇာ၏ အဘိုးသည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ဂူသွင်းပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးကျော်ဝင်းမြင့်

### အသက်(၆၅)နှစ်

ပဲခူးမြို့၊ အမှတ်(၁၆၄)၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ (၅)လမ်းနေ (ဦးထွန်းရင်-ဒေါ်လှမေ)တို့၏ သား၊ (ဦးချစ်စွမ်-ဒေါ်စောကြည်)တို့၏ သားသမက်၊ ကျောက်ထုမြို့နေ (ဦးတင်ဝင်း)-ဒေါ်လှမြင့်၊ ဒေါ်ခင်ထားကြည် တို့၏ မောင်၊ (ဦးသက်ဦး)-ဒေါ်ရှုသီတို့၏ အစ်ကို၊ ကိုထူးနိုင်ကျော်-မဖြူသွယ်အေး၊ ကိုညီညီဇင်-မဖူးဝေဝေကျော်၊ ကိုကောင်းထက်ကျော် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဟိန်းမြင့်မိုရ်ဇင်(ခ) ဟိုက်စွမ် ၏ အဘိုး၊ ဒေါ်ကျော်ကျော်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ဝင်းမြင့် သည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မိုး (Philip Yone Mo)

### အသက် (၇၂) နှစ်

B.E (MECH), 1972

အစဉ်ထာဝရ၊ ခင်လာကြပေမယ့်
သခ်ါရနှင့် တရားချင့်တော့
သွားနှင့်ပေ့ါ...
သွားနှင့် သူငယ်ချင်း...။

**MECH.72 ငယ်သူငယ်ချင်းများ**

## ဆရာဦးမောင်ရှင်

### အသက်(၉၉)နှစ်

**အလယ်တန်းပြ(ငြိမ်း)၊ အထက-၂၊ ထားဝယ်မြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ စိန်ပန်းနီလမ်း၊ အမှတ်(၄၁၅)နေ (ဒေါ်ကြည်လှိုင်)၏ ခင်ပွန်း၊ ဦးကြည်စိန် (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)-ဒေါ်ရီသိန်းတို့၏ ဖခင်သည် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးတင်အောင် (ဟင်္သာတ)

**အရိုးအထူးကုဆရာဝန်ကြီး (ငြိမ်း)**

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City H-၁၂၈၊ ရွှေသရဖီ(၄)လမ်းနေ (ဦးပန်း-ဒေါ်လှတင်)တို့၏ သား၊ (ဦးဖွန်နား-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဒေါက်တာဖြူဖြူအောင်၊ ဒေါက်တာဝါဝါအောင်၊ ဒေါက်တာအောင်မွန်-ဒေါက်တာဝါဝါဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးစိန်မောင်-ဒေါက်တာဒေါ်စောကြည်တို့၏ အစ်ကိုကြီး၊ ဦးသန်းဝင်း-ဒေါ်ဝါဝါခိုင်၊ ဒေါက်တာမောင်မောင်ကြည်-ဒေါက်တာမိုးမိုးမြတို့၏ဘကြီး ဒေါက်တာဦးတင်အောင်သည် ၇-၁၂-၂၀၁၉ (စနေနေ့) နံနက်တွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ညွန့်(နတ်မောက်)

လယ်/ဆည်(ငြိမ်း)

### အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မ/န ရပ်ကွက်၊ မော်လမြိုင်လမ်းနေ (ဒေါ်အုန်းကြည်)၏ ခင်ပွန်း၊ ဒေါ်ခင်ညွန့်ကြည်(အမက-၁၊ ဗဟန်း)၊ (ဦးသိန်းငွေး)၊ ဦးသန်းထွဋ်၊ ဦးနိုင်ဝင်း(နိုင်ငံတော်သမ္မတရုံး)-ဒေါ်ခင်ဖြူဖြူထွန်း (ကမ္ဘောဇဘဏ် ဘုန်းကြီးလမ်းဘဏ်ခွဲ)တို့၏ ကျွေးသဖခင်ကျေးဇူးရှင်၊ မနှင်းအိန္ဒြာနိုင် (အလက-၁၊ ဒဂုံ)၏ အဘိုးသည် ၉-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်သောင်း

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန(ငြိမ်း)**

**(ဟင်္သာတ အသင်းဝင်)**

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဧယျာအေးမြလမ်း၊ အမှတ် (၆၈၉)နေ (ဦးဘိုးခင်-ဒေါ်မှတ်)တို့၏ သား၊ ဦးရဲသောင်းထွဋ် (Dy Team Leader GopaInfra/KfW, RDP Taunggyi)-ဒေါ်သန်းသန်းစိုး၊ ဦးမျိုးနိုင်-ဒေါက်တာဝါဝါစိုး (ခတ်မှန်အထူးကုဆရာဝန်ကြီး-မြစ်ကြီးနားဆေးရုံ)၊ ဒေါ်မာမာစိုး(လက်ထောက်အထွေထွေမန်နေဂျာ-မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်-ရုံးချုပ်)တို့၏ ဖခင်၊ မဆုလဲ့နိုင်၊ မနှင်းအေးဝေတို့၏အဘိုး၊ (ဒေါ်ခင်ကြည်)၏ ခင်ပွန်းသည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၂:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့)တွင် နံနက် ၇ နာရီမှ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အောင်ဆန်းဦး (ခ) ကျော်ဇင်ဟိန်း (ခ) Austin

### အသက် (၃၃) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ (၁၅၅)လမ်း၊ အမှတ်(၆၁)နေ (ဦးမုန်း-ဒေါ်ကျွန်း)၊ (ဦးပွား-ဒေါ်မြင့်)တို့၏မြေး၊ ဦးထွန်းအောင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှနွဲ့(အလက-၃၊ ငြိမ်း၊ တာမွေ)တို့၏သားကြီး၊ မောင်ကျော်လင်းဟိန်း(ခ)ဖိုးကျော်၏အစ်ကိုကြီး၊ ဦးရဲမြင့်-ဒေါ်မော်လီ၊ ဦးရဲထွေး-ဒေါ်မူမူအေး (အထပြ၊ ငြိမ်း)၊ (ဦးစိန်ဝင်း)-ဒေါ်တင်မေရီ၊ ဦးရွှေတိုး-ဒေါ်စန်းစန်းမော်၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ချိုချိုအေး (US Embassy)၊ (ဦးလှရွှေ-ဒေါ်မြသန်း)၊ [ဦးစိန်ထွန်း(ခ) ဦးနီ-ဒေါ်တင်နွယ်(ခ) ချင်အာရှု]၊ (ဦးကိုလေး)၊ (ဦးတိတ်ဆောင်)-ဒေါ်ရင်မေ၊ [ဦးမြရင်(ခ) ဦးသန်းငွေး]၊ (ဦးကျင်ငွေ)-ဒေါ်ခင်ထွေးရီ၊ ဦးအုန်းခင်-ဒေါ်ကြူကြူတို့၏တူ အောင်ဆန်းဦး(ခ) ကျော်ဇင်ဟိန်း (ခ) Austin သည် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဌာန၊ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ဝေယံမြင့်

### အသက်(၂၅)နှစ်

### ကြည်း-၇၀၉၃၀၊ DSA(၅၈)

မွန်ပြည်နယ်၊ သထုံမြို့၊ တာယာစက်ရုံ၊ ဝန်ထမ်းအိမ်ရာနေ ဗိုလ်ကြီးမြင့်စိုး(ငြိမ်း) မန်နေဂျာနှင့် ဒေါ်နန်းမေတို့၏သားကြီး၊ မောင်ထက်နိုင်မြင့် (ကမ္ဘောဇရတနာဘဏ်ခွဲ၊ ဗဟန်း၊ အောင်ချမ်းသာ)၏အစ်ကို ဗိုလ်ဝေယံမြင့် သည် ၇-၁၂-၂၀၁၉ ရက်တွင် လောက်ကိုင်မြို့၊ တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် လောက်ကိုင်မြို့ စစ်သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၉ ရက် သထုံတာယာစက်ရုံ ဝန်ထမ်းအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်မေမေသန်း

### အသက်(၇၇)နှစ်

**စာရင်းကိုင်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၃၈)၊ ခြောက်လွှာနေ (ဦးတင်-ဒေါ်မှီ)တို့၏ သမီးကြီး၊ (ဦးသိမ်းမြင့်-ပထဝီဝင်)၏ ဇနီး၊ (ဒေါ်ခင်အုန်းသန်း)၊ ဦးသက်တင် (ဆည်မြောင်း)တို့၏ အစ်မ၊ ကိုဝေမိုးမြင့် (Yatanarpon teleport)၊ ကိုအောင်မိုးမြင့်-မသဇင်ငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မဒွန်ဖူးဝေ၊ မမြတ်မိုးသဲတို့၏ ချစ်လှစွာသောအဘွား ဒေါ်မေမေသန်းသည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## U Bruno ဦးဟန်ယု

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ (၇)လမ်း၊ အမှတ်(၁၃၇/A)နေ ဦးမျိုးသူ-ဒေါ်မီမီဟန်၊ ဦးနေမျိုးအောင်-ဒေါ်တင်မိုးမိုးဟန်၊ ဦးမျိုးဝင်းဟန်-ဒေါ် Ester တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဝေယံအောင်၊ မအိမ့်မြတ်နိုးအောင်၊ မောင်အောင်မိုးကျော်၊ မ Clarire Lal Mawi တို့၏ အဘိုးသည် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခွဲစိတ်ဆောင်(၁)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၇:၃၀ နာရီမှ ၁၁:၃၀ နာရီထိ ဝတ်ပြုဆုတောင်းပွဲကို အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သိမ်၊ ကျောင်း ဒါယိကာမကြီး**

## မအေးမြမြဘော်

### အသက်(၃၈)နှစ်

**အထက-၁၊ ဒဂုံ ကျောင်းသူဟောင်း**

**(1998-99 Batch)**

**Trade မန်နေဂျာ၊ Camel International Co.,Ltd.**

**B.Sc (Physics)**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၂၂)၊ အခန်း(၂၀၂)၊ (၉)လမ်း (B)နေ ဦးလှဘော်-ဒေါ်ရီရီမြင့်တို့၏ သမီး၊ ကိုဝေဖြိုးဘော်-မနော်လီမြင့်တို့၏ ညီမလေး၊ မဆုမြတ်မြတ်ဘော်၊ ကိုပြည့်ဖြိုးဘော်-မမေစုငြိမ်းတို့၏ အစ်မ၊ မြတ်နိုးခင်၊ သွန်းနဒီစိုးတို့၏ ချစ်လှစွာသောအဒေါ် မအေးမြမြဘော်သည် ၉-၁၂-၂၀၁၉ ရက် နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၉ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘကျော် (ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ)

### အသက် (၉၉) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ၊ ရွာလယ်ရပ်နေ (ဦးတိုး-ဒေါ်လှိုင်စီ)တို့၏သား၊ (ဦးအုန်းတင်)-ဒေါ်အုန်းကြည်၊ (ဦးဖတုတ်)-ဒေါ်လေးရှိ၊ ဦးဝတင်-ဒေါ်စန်း၊ (ဦးမောင်ငို)-ဒေါ်ပညာ၊ ဦးမောင်မောင်-ဒေါ်အေး၊ (ဦးစစ်အေး)-ဒေါ်တင်နွဲ့၊ ဦးစာစူး-ဒေါ်ရီသန်း၊ ဦးကြည်လွင်-(ဒေါ်ချိုချိုဝင်း)၊ ကိုဟန်ဇင်စိုး၊ မသန်းသန်းမူတို့၏ဖခင်သည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၀၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရှပ်ပုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဟင်္သာတအသင်း

## ဒေါက်တာဦးတင်အောင်

**အရိုးအထူးကုဆရာဝန်ကြီး (ငြိမ်း)**

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City H/၁၂၈၊ ရွှေသရဖီ (၄)လမ်းနေ (ဦးသန်း-ဒေါ်လှတင်)တို့၏ သား၊ ဟင်္သာတ ရွှေပုဇွန် (ဦးဖွန်းနား-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဒေါက်တာဖြူဖြူအောင်၊ ဒေါက်တာဝါဝါအောင်၊ ဒေါက်တာအောင်မွန် - ဒေါက်တာဝါဝါဦးတို့၏ဖခင် ဒေါက်တာဦးတင်အောင်သည် ၇-၁၂-၂၀၁၉ ရက်တွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟင်္သာတအသင်း (ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းမြင့်စိန်

### အသက် (၈၂) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ယုန်သလင်း-ခမောက်စုကျေးရွာနေ (ဦးမြမောင်-ဒေါ်နန်းဝိုး)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးရဲထက်-ဒေါ်ယုလဲ့အောင် (ပြင်ဦးလွင်မြို့)တို့၏မွေးသမိခင်၊ မမြပန်းဖြူ၊ မငွေကံ့ကော်တို့၏အဘွား၊ ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း)၏ဇနီးသည် ၉-၁၂-၂၀၁၉ ရက် နံနက် ၇:၄၅ နာရီတွင် ရန်ကုန်မြို့၊ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ အမှတ်(၁၈၅)၊ Key သောက်ရေသန့်စက်ရုံ၊ မြို့ရှောင်(၃)လမ်း၊ ရပ်ကွက်ကြီး (၈)၊ စာကလေးကွင်းကျေးရွာ၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ငပုတောမြို့နယ်အသင်း (ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းမြင့်စိန်

### အသက် (၈၂) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ယုန်သလင်း-ခမောက်စုကျေးရွာနေ (ဦးမြမောင်-ဒေါ်နန်းဝိုး)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးရဲထက်-ဒေါ်ယုလဲ့အောင်(ပြင်ဦးလွင်မြို့)တို့၏ မွေးသမိခင်၊ မမြပန်းဖြူမငွေကံ့ကော်တို့၏အဘွား၊ ငပုတောမြို့နယ်အသင်း(ရန်ကုန်)၊ ဥက္ကဋ္ဌ၊ ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း)၏ဇနီးသည် ၉-၁၂-၂၀၁၉ ရက် နံနက် ၇:၄၅ နာရီတွင် ရန်ကုန်မြို့၊ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍အမှတ်(၁၈၅)၊ Key သောက်ရေသန့်စက်ရုံ၊ မြို့ရှောင်(၃)လမ်း၊ ရပ်ကွက်ကြီး (၈)၊ စာကလေးကွင်းကျေးရွာ၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] (အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့

## ဒေါ်နီနီဝင်း

### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃၁/၁၃၂)၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးဘချစ်-ဒေါ်လှမြင့်)၊ (ဦးနီတိုး-ဒေါ်စိန်ဝိုင်း)တို့၏သမီး၊ (ဦးသန်းစိန်)-ဒေါ်ခင်ကြီးတို့၏ သမီးချွေးမ၊ ဦးပြည့်စုံ (လ/ထညွှန်မှူး-ငြိမ်း၊ ပစလ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကျော်ရှိန်-ဒေါက်တာသိင်္ဂီကျော်၊ မအိသန္တာ (Max Myanmar Construction Co., Ltd)တို့၏မိခင် ဒေါ်နီနီဝင်းသည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေမျိုးဝင်း (ခ) ကိုဇာနည် (၄၉) နှစ်

**လ.ဝ.က မှူး (ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်လမ်း၊ အမှတ် (၄၆)နေ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်ချစ်တို့၏ သားကြီး၊ တွံတေးမြို့နေ (ဦးသန်းဖေ)-ဒေါ်ခင်မာတို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးဝင်းကျော်မိုး (ငြိမ်း)၊ ဒေါ်ယဉ်သူဇာမိုး၊ ဦးညီညီဝင်း၊ ဦးအောင်တိုးခိုင်တို့၏အစ်ကိုကြီး၊ ဒေါ်သန္တာခိုင် (ဒု-လ.ဝ.ကမှူး-တွံတေးမြို့)၏ ခင်ပွန်း၊ မောင်ကောင်းထက်စံ(DSTA)၏ဖခင်၊ မသင်းရနံ့မိုး၊ မပန်းရနံ့မိုး၊ မထူးဧကရီဝင်းတို့၏ဘကြီး ဦးနေမျိုးဝင်း(ခ) ကိုဇာနည်သည် ၈-၁၂-၂၀၁၉ ရက် နံနက် ၄ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဆီးဂိမ်းပြိုင်ပွဲတွင် ငွေ နှစ်ခု၊ ကြေး ငါးခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း၊ အားကစားရုံ အသီးသီး၌ ပြိုင်ပွဲများတွင် ဘိလိယက် အားကစားနည်းမှ ငွေတစ်ခု၊ ကရာတေး အားကစားနည်းမှ ကြေးတစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ငွေတစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေးတစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတစ်ခု၊ နပန်းအားကစားနည်းမှ ကြေးတံဆိပ် နှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။



လက်ဝှေ့အားကစားပြိုင်ပွဲ အမျိုးသမီး ၅၅ ကီလိုတန်း ဗိုလ်လုပွဲတွင် မြန်မာမှ နွယ်နီဦးနှင့် ဖိလစ်ပိုင် ကစားသမားတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ကရာတေး အားကစားပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ရှုံးနိမ့်ခဲ့ပြီး အမျိုးသမီး ကုမိတဲ့(+၆၁) ကီလိုတန်းပွဲစဉ်တွင်မြန်မာမှ နွေးနွေးဇော်ဝင်းသည် ကြေးတံဆိပ်တစ်ခု၊ အမျိုးသား ကုမိတဲ့(-၇၅) ကီလိုတန်း ပွဲစဉ်တွင် မြန်မာမှ ဇော်မင်းထက်သည် အိမ်ရှင်ဖိလစ်ပိုင်ကို လည်းကောင်း ရှုံးနိမ့်ခဲ့သည်။



အမျိုးသမီး ကုမိတဲ့(+၆၁) ကီလိုတန်းတွင် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သော မြန်မာမှ နွေးနွေးဇော်ဝင်း ယှဉ်ပြိုင်စဉ်။

**ဆီမီးဖိုင်နယ်သို့ တက်ရောက်**

ဆက်လက်၍ Manila Hotel Tent ၌ ကျင်းပသော(အမျိုးသား) တစ်ဦးချင်း English ဘိလိယက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာနှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာမှ နေသွေးဦး ငွေတံဆိပ်တစ်ခုနှင့် (အမျိုးသား)တစ်ဦးချင်း 9ball Pool ကွာတားဖိုင်နယ်ပွဲစဉ်တွင် မြန်မာမှ ဘုန်းမြင့်ကျော်သည် ဗီယက်နမ် ကစားသမားကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားသည်။

ဆက်လက်၍ PICC Forum ၌ ကျင်းပသော လက်ဝှေ့အားကစားပြိုင်ပွဲ အမျိုးသမီး (၅၅)ကီလိုတန်း

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻**


ကြေးမုံ ယနေ့ဖတ်စရာ

**သတင်းအချက်အလက်ကို အခြေခံ၍ မူဝါဒချမှတ်ဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ**
စာမျက်နှာ » ၄

**အရေးကြီးပြီ သွေးစည်းကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၈

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ အစီရင်ခံစာ ပြုစုရေးအတွက် အကြံပြုညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၁၁

**မီးတောင်ပေါက်ကွဲမှုကြောင့် နယူးဇီလန်၌ လူငါးဦးထက်မနည်း သေဆုံး၊ ခရီးသည်များ ပိတ်မိ**
စာမျက်နှာ » ၁၃


## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် မြန်မာဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားဘောလုံးအသင်းတို့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ မွန်းလွဲ ၂ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့်မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ဆီးဂိမ်းအမျိုးသားဘောလုံးပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာနှင့်ကမ္ဘောဒီးယားတို့ ယနေ့ကစားမည်

**မနီလာ ဒီဇင်ဘာ ၉**

၂၀၁၉ ခုနှစ် အကြိမ် (၃၀)မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယနေရာရယူနိုင်ရန် ကမ္ဘောဒီးယားကို အနိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတွင်းပြိုင်ဘက်များ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းတွင် ကွင်းလယ်ကစားသမား အောင်နိုင်ဝင်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ဘဲ ခံစစ်လိုအပ်ချက်များကို ပြင်ဆင်နိုင်မှ ရလဒ်ကောင်းမည်ဖြစ်သည်။

ကမ္ဘောဒီးယားအသင်းသည် ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်ကို လေးဂိုးပြတ်အရေးနိမ့်ခဲ့သော်လည်း ခြေစွမ်းပိုင်းကောင်းမွန်နေရာ မြန်မာအသင်းအနေဖြင့် ကြေးဆုရယူနိုင်ရန် ပေါ့ဆ၍မရသည့်အနေအထား ဖြစ်နေသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားအသင်းကို အချိန်ပိုတွင် လေးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မနီလာ)**




PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်


Only JCI Accredited Hospital in Myanmar

အရိုးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးတို့အတွက် နိုင်ငံတကာအတွေ့အကြုံရှိ

စင်ကာပူနိုင်ငံမှ အရိုး၊အကြော၊အဆစ်နှင့်ထိခိုက်ဒဏ်ရာခွဲစိတ်အထူးကုဆရာဝန်ကြီး **Prof Sarbjit Singh** သည်

ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ကုသပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဒီဇင်ဘာလ (၁၉)ရက်မှ (၂၃)ရက်နေ့ထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၆၄ ၉၅၀ ၈၁၇

Facebook Pun Hlaing Siloam Hospitals